http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

Dhamma Download မိသားစု

Dhammadownload.com မိသားစုနှင့် အလှူရှင်များမှ ဓမ္မဒါန လှူဒါန်းပါသည်

နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

http://www.dhammadownload.com

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၅၁)

# ဘုရားသော်မှ ပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

http://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ဘုရားသော်မှ ပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ

http://www.dhammadownload.com

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

1B

http://www.dhammadownload.com

# ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များက ရေးကူးကာ စာမူများကို ဆရာတော်ကြီးထံပေးပို့ကြပါသည်။ ဆရာတော်ကြီး ကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

http://www.dhammadownload.com

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပထမတွဲ)
- နိယျာနိကသာသနာနှင့် မြတ်ဒေသနာများ
၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ

http://www.dhammadownload.com


၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ
၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြွေးမှာဝဋ်ကြွေးများ

http://www.dhammadownload.com

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၄ ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း (၁၀) ရက်၊ ၂၀၁၀ ခုနှစ် စက်တင်ဘာလ (၁၈) ရက် မန္တလေးမြို့ ချမ်းအေးသာဇံ အိမ်တော်ရာဘုရား ပရဝုဏ် အတွင်း (၁၄) ခန်း ရတနာဃရ ဓမ္မဗိမာန်တော်ကြီးအတွင်း၌ဝယ် ဆင်ယင်ကျင်းပ ပြုလုပ် အပ်သည့် ဓမ္မပါရမီ အထူးဓမ္မသဘင်ကြီး၌ မန္တလေးမြို့ ငပိတန်း လက်ကြား ဒေါ်ခင်အေးလှနှင့် မောင်နှမများတို့၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော

**“ဘုရားသော်မှ ပေးဆပ်ရသည့်**

**ကံကြမ္မာ ဝဋ်ကြွေးများ”**

တရားဒေသနာတော်

http://www.dhammadownload.com

# ဘုရားသော်မှ ပေးဆပ်ရသည့် ကံကြမ္မာ ဝဋ်ကြွေးများ

"ဘုရားသော်မှ ပေးဆပ်ရသည့် ကံကြမ္မာ ဝဋ်ကြွေးများ"တဲ့ - မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ရဲ့ ဘဝနဲ့ ဆက်စပ်ပြီးတော့ "ပုဗ္ဗပိလောတိက ကမ္မ ဗုဒ္ဓအပဒါန" ဆိုပြီးတော့ အပဒါန်ပါဠိတော်မှာ မှတ်တမ်းလေး တစ်ခု ရှိတယ်။ အဲဒီ မှတ်တမ်းမှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် အလောင်းတော် ဘဝက ပြစ်မှားကျူးလွန်ခဲ့မိတဲ့ ကံကြမ္မာဝဋ်ကြွေးတွေကို ဘုရားဖြစ်တဲ့ ဘဝမှာ ဘယ်လိုပေးဆပ်ရတယ် ဆိုတာ မှတ်တမ်းတင်ထားတာပေါ့။

http://www.dhammadownload.com



"ကံကြမ္မာဝဋ်ကြွေး" ဆိုတဲ့ ဒီစကားလုံးလေးကို ကြည့် "ကံ" ဆိုတာကတော့ အားလုံးသိနေကြတဲ့ အတိုင်း မိမိတို့ရဲ့သန္တာန်မှာ ဖြစ်တဲ့ စိတ်ရဲ့လှုံ့ဆော်မှု မနောကံ၊ နှုတ်ကထုတ်ပြောမှုဝစီကံ၊ ကိုယ်ထိလက်ရောက် ပြုလုပ်မှု မနောကံလို့ အကောင်းအဆိုး (၂) မျိုး ကွဲပြား လျက် ရှိတယ်။ အဲဒီ ကာယကံ၊ ဝစီကံ၊ မနောကံတွေ ထဲမှာ မကောင်းတဲ့ ကာယကံ၊ မကောင်းတဲ့ ဝစီကံ၊ မကောင်းတဲ့ မနောကံကို ရံဖန်ရံခါ ပုထုဇဉ်တွေ ဖြစ်မှားကျူးလွန် မိခဲ့ကြတာ ရှိတယ်။

## ခန္ဓာရှိနေသရွေ့ ကံတွေ ရှိနေတယ်

အဲဒီဖြစ်မှားကျူးလွန်ခဲ့မိခဲ့တာတွေကို 'ကံ' လို့ ခေါ်တယ်။ အဲဒီ 'ကံ' သည် ပြုလုပ်သူပုဂ္ဂိုလ်ရဲ့ သန္တာန် မှာ စွမ်းရည်သတ္တိအနေနဲ့ တည်ရှိပြီး နေတယ်။ ကံ ကိလေသာရဲ့ အကျိုးဖြစ်တဲ့ ခန္ဓာကြီးရှိနေသမျှ ဒီ ကံကြမ္မာတွေ ဆိုတာက ပျောက်ကွယ်သွားမှာ မဟုတ်

http://www.dhammadownload.com



ဘူး။ သို့သော် ကံတိုင်း အကျိုးပေးသလားလို့ဆိုတော့ အဲဒီလိုတော့လည်း မဟုတ်ဘူး။ အကျိုးပေးဖို့ရာ အတွက် သူ့မှာ အခြေအနေတွေ လိုသေးတယ်။ ကုသိုလ်ကံက အကျိုးပေးဖို့ဆိုတာ တခြား အခြေအနေတွေ ရှိသေးတယ်။ အကုသိုလ်ကံအကျိုးပေးဖို့ ဆိုတာလည်း အခြေအနေတွေ ရှိသေးတယ်။

## အခြေအနေပေးမှ ကံအကျိုးပေးမယ်

အဲဒီအခြေအနေတွေနဲ့ဆုံလာပြီ။ ကံကြမ္မာရဲ့ အကျိုးဖြစ်တဲ့ ခန္ဓာကြီးကလည်း ရှိနေမယ်ဆိုရင် ဒီကံက အကျိုးပေးနိုင်တယ်။ ဘာဖြစ်လို့တုန်းဆိုတော့ ဖြစ်ကတည်းက မိမိသန္တာန်မှာ ဖြစ်ထားတာဖြစ်သည့် အတွက်ကြောင့် ရှောင်တိမ်းလို့ မရနိုင်ဘူး။ အဲဒီကံ ကိုပဲ 'ကြမ္မာ' လို့လည်း ခေါ်ကြတယ်။

'ကြမ္မာ' ဆိုတာ မြန်မာလူမျိုးတွေက ကံနှင့် ကြမ္မာကို ခွဲပြီးတော့ ပြောနေကြတာ။ တကယ်တော့

2A

http://www.dhammadownload.com



'ကြမ္မာ' ဆိုတဲ့ စကားလုံးက သက္ကတဘာသာမှာ ကမ္မ ဆိုတဲ့စကားလုံးကို 'ကရမ' လို့ အသံထွက်နဲ့ ပြောတာ။ ပါဠိဘာသာက "ကမ္မ"၊ သက္ကတဘာသာကျတော့ "ကရမ"၊ အဲဒီ 'ကရမ' ကိုပဲ မြန်မာတွေက 'ကြမ္မာ' လို့ ဒီလိုခေါ်လိုက်တာ။ သို့သော် ကံနှင့် ကြမ္မာ နဲ့ဟာ အတူတူပဲလို့ မှတ်ရမယ်။ သို့သော် မြန်မာ လူမျိုးတွေရဲ့ စိတ်ထဲစွဲနေတာက ကြမ္မာ ဆိုတာကျတော့ မကောင်းတာလို့ပဲ သတ်မှတ်ကြတယ်။ ကြမ္မာ ကောင်းတယ်လို့ သိပ်မသုံးဘူး။ ကံကောင်းတယ်။ ကံမကောင်းဘူး ဒီလောက်ပဲသုံးတယ်။ သို့သော် အဆိုးတွေ့ပြီဆိုတာနဲ့ တပြိုင်နက် ကြမ္မာလို့ ပြောလေ့ရှိကြတယ်။ မူရင်းအနေနဲ့ ကံနှင့် ကြမ္မာဟာ အတူတူပဲ လို့ မှတ်ရမယ်။

အဲဒီကံကြမ္မာကို "ဝဋ်ကြွေး"လို့ ဘာဖြစ်လို့ ခေါ်တာလဲ။ ဝဋ်လို့ ဘာဖြစ်လို့ ပြောတာလဲလို့ဆိုတော့ ဝဋ်ဆိုတာက ဋ (၂) လုံးဆင့်နဲ့ ရေးတဲ့ ပါဠိစကား၊

2B

http://www.dhammadownload.com



ဝဋ္ဋဆိုတဲ့ စကားလုံးကလာတာ အဲဒီ 'ဝဋ္ဋ' ဆိုတဲ့ စကားလုံးကို မြန်မာလို 'ဝဋ်' လို့ပဲ ပြန်လိုက်ကြတာ။

## ဝဋ္ဋဆိုတာ လည်ပတ်တာ

ဝဋ္ဋဆိုတာ ကြောင်းကျိုးဆက်ပြီးတော့ လည်ပတ်နေတာ။ ဆိုပါစို့ "ဒါရှိလို့ရှိရင် ဟိုဟာ ရှိလာမယ်။ ဟိုဟာရှိရင် နောက်တစ်ခု ရှိလာမယ်။ စဉ်ဆက် မပြတ် တစ်ခုနဲ့တစ်ခုဟာ ဆက်စပ်ပြီး ဖြစ်နေတာကို ဝဋ်"လို့ ပြောတာ။ အားလုံးသိတဲ့အတိုင်း ဝဋ္ဋ ဆိုတာနဲ့ ပတ်သက်ပြီး (၃) မျိုးလို့ မှတ်ရမယ်။ **ကိလေသ ဝဋ်၊ ကမ္မ ဝဋ်၊ ဝိပါက ဝဋ်**။ လူတွေမှာ ကိလေသာ ရှိနေလို့ရှိရင် ကမ္မ ဆိုတာလာမယ်။ ကိလေသာ ရှိနေရင် ကံကို မရှောင်လွှဲနိုင်ဘူး။ ကမ္မ ဆိုတာ ဖြစ်လာမယ်။ ကမ္မရှိတာနဲ့ ဝိပါက ဆိုတာလာမှာပဲ။ အဲဒီလို စဉ်ဆက် မပြတ် ဖြစ်နေတာကို 'ဝဋ္ဋ' (ဝဋ်)လို့ခေါ်တယ်။

http://www.dhammadownload.com



မြန်မာလူမျိုးတွေကတော့ ဝဋ်လည်တယ် ဆိုတာက မကောင်းတာဖြစ်မှ ဝဋ်လည်တယ်လို့ ပြောကြတာ။ အမှန်က ကောင်းကောင်းဆိုးဆိုး 'ဝဋ္ဋ' ဆိုတာ လည်ပတ်ပြီး ဖြစ်နေတဲ့ သဘောတရားကို ပြောတာ။ ကိလေသာ ရှိလို့ 'ကံ' ဖြစ်နိုင်တယ်။ 'ကံ' ဖြစ်လို့ ဝိပါကဆိုတဲ့ အကျိုးတရားတွေလာနေတယ်လို့ ဒီလိုပြောတာ။ ပဋိစ္စသမုပ္ပါဒ်ကို အကျဉ်းချုံးလိုက်တဲ့ အခါ ဝဋ်(၃)ပါးလို့ ဒီလိုပြောတာပဲ။

ပဋိစ္စသမုပ္ပါဒ်မှာကြည့်လိုက် **"အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"** ဆိုတာကို ကြည့်ရုံနဲ့ပဲ အဝိဇ္ဇာဆိုတာ ကိလေသာ၊ အဝိဇ္ဇာဆိုတဲ့ ကိလေသာ ရှိလိုက်တာနဲ့ တစ်ပြိုင်နက် သင်္ခါရဆိုတဲ့ ကံလာတယ်။ သင်္ခါရဆိုတဲ့ကံ ရှိလိုက်တာနဲ့ တပြိုင်နက် ဝိညာဏ ဆိုတဲ့ ဝိပါကလာတာပဲ။ အဲတော့ ကိလေသာရှိရင် ကံ လာမယ်။ ကံရှိလို့ရှိရင် ဝိပါက

http://www.dhammadownload.com



လာမယ်လို့ဆိုတဲ့ ဒီဝဋ် (၃) ပါး ပဋိစ္စသမုပ္ပါဒ်ကို ချဲ့ပြီး ပြောထားတာ။

## ကိလေသာကြောင့် ကံဖြစ်

ဒီတော့ ကိလေသာကို အခြေခံပြီးတော့ ကံတရားတွေက စုမိဆောင်းမိဖြစ်လာတယ်။ ကံတရားတွေ စုမိ ဆောင်းမိဖြစ်လာလို့ရှိရင် ဒီကံတရားတွေက အကျိုးတရားကို ထုတ်လုပ်လာတယ်။ ဆိုလိုတာက ကိလေသာရှိနေရင် ကံရှိမှာပဲ။ ကံရှိလို့ ရှိရင်လည်းပဲ ဝိပါကဆိုတဲ့ အကျိုးတရားရှိမှာပဲ။ မရှောင်လွှဲနိုင်ဘူး နော်။ အဲဒီလိုလည်ပတ်ပြီးတော့ ဖြစ်နေတာကို "ဝဋ်လည်တယ်"လို့ ပြောတာ။ သို့သော် မြန်မာလူမျိုးတွေ ပြောတယ်။ ဝဋ်လည်တယ် ဆိုတာက အဓိပ္ပာယ်တစ်မျိုးနဲ့ ပြောနေကြတာ။

http://www.dhammadownload.com



## ကိလေသာမရှိရင် ကံစွမ်းအားမရှိ

ကိလေသာဆိုတာ မရှိတော့ဘူးဆိုရင် 'ကံ' စွမ်းအား မရှိဘူး။ ကံစွမ်းအား မရှိတော့ဘူးဆိုရင် ဝိပါကလည်းပဲ ချုပ်ငြိမ်းသွားတယ်။ ဒါကို အပြန်အားဖြင့် ဒီလိုနားလည်ရမယ်နော်။ အဲဒီတော့ ဒီထဲမှာ အဓိကအချက်က 'ကံ' လား၊ 'ကိလေသာ' လားဆိုရင် ကိလေသာက အဓိကကျတယ်။ ကိလေသာကို ဖယ်ရှားပစ်လိုက်မယ်ဆိုရင် ကံတွေရဲ့ အကျိုးပေးနိုင်တဲ့ စွမ်းအားတွေ လျော့ပြီးတော့ သွားတယ်။ လျော့သွားရုံမကဘူး၊ ကိလေသာ လုံးဝမရှိတော့ဘူးဆိုရင် 'ကံ' မှာ အကျိုးပေးနိုင်တဲ့ စွမ်းအားတွေ လုံးဝ မရှိတော့ဘူး။ ပေးနိုင်တဲ့ စွမ်းအားတွေ မရှိဘူးဆိုတဲ့ နေရာမှာ ဘဝတစ်ခု တည်ဆောက်တဲ့ စွမ်းအားကို ပြောတာနော်။

http://www.dhammadownload.com



## ကံဟောင်းကုန်ရင် ဘဝသစ်မရှိ

တစ်ခါတစ်ခါ မျက်စိလည်တတ်ကြတယ်။ ဘုရား ရဟန္တာတွေဆိုတာ ကိလေသာတွေ ကုန်ပြီးနေပြီ။ သို့သော် ကုန်ပြီးနေတဲ့ ဘုရားရဟန္တာတွေမှာ ဘာဖြစ်လို့ ကံက အကျိုးပေးနေသလဲဆိုတာ မျက်စိလည်တတ်ကြတယ်။ ကံကုန်တယ် ဆိုတာနဲ့ ပတ်သက်ပြီး ရတနသုတ်မှာကြည့် "ခီဏံ ပုရာဏံ နဝ နတ္ထိသမ္ဘဝံ" ဘုရား ရဟန္တာပုဂ္ဂိုလ်တွေမှာ ကံဟောင်းတွေ မရှိတော့ဘူး။ ကုန်သွားတယ်လို့ ပြောတာ။ ကံဟောင်း ကုန်တယ်ဆိုတဲ့ အဓိပ္ပာယ်က ကံဟောင်းတွေက ဘဝသစ်တစ်ခုကို ထုတ်လုပ်နိုင်စွမ်း မရှိတော့ဘူးလို့ ပြောလိုတာ။ ဘဝသစ်ကို မထုတ်လုပ်နိုင်ဘူးဆိုတာ အကျိုးမပေးတော့ဘူးလို့ ပြောတာ မဟုတ်ဘူး။ ကိလေသာ စွမ်းအားတွေ ကုန်သွားသည့်အတွက်ကြောင့်၊ ကိလေသာတွေ မရှိတော့သည့်

http://www.dhammadownload.com



အတွက်ကြောင့် ဘဝတစ်ခုကို ထုတ်လုပ်နိုင်လောက်တဲ့ ကံမရှိတော့ဘူးလို့ ပြောတာသာ ဖြစ်တယ်။

## ပဝတ္တိအကျိုးကိုတော့ ပေးတယ်

'ကံ' က အကျိုးပေးတယ်ဆိုတာ (၂) မျိုးရှိတယ်။ ဘဝတစ်ခုကိုပေးတာကို 'ပဋိသန္ဓေ အကျိုး' လို့ ပြောတာ။ ပဋိသန္ဓေနောက်မှာ ဆက်လက်ဖြစ်ပေါ်လာတဲ့ အကျိုး "ပဝတ္တိအကျိုး" ဆိုတာရှိတယ်။ ကံကနေ ထုတ်လုပ်တဲ့ ပဝတ္တိအကျိုးမှာကျတော့ ကံတရားတွေက ဝင်ပြီး အကျိုးပေးလို့ ရသေးတယ်။

"ခီဏံ ပုရာဏံ" အတိတ်ကံဟောင်းတွေကလည်း ကုန်ပြီး ဘဝသစ်တစ်ခုကို မထုတ်နိုင်တော့ဘူး။ "နဝ နတ္ထိ သမ္ဘဝံ" နတ္ထိသမ္ဘဝဆိုတာ အသစ်ဖြစ်တာလည်း မရှိတော့ဘူး။ ဘုရားရဟန္တာတွေမှာ ကံအသစ်က မဖြစ်တော့ဘူး။ ဘာလို့မဖြစ်လည်းဆိုရင် ကိလေသာ ကုန်သွားလို့။ အဲဒါကြောင့်မို့

http://www.dhammadownload.com



"ကိလေသ နိရောဓေ ကမ္မ နိရောဓော" တဲ့ ကိလေသာ ကုန်သွားရင် ကံလည်း ကုန်တယ်လို့ ဒီလို ပြောရတယ်။ သို့သော် အတိတ်ကံရဲ့စွမ်းအားတွေက ခန္ဓာရှိနေသေးရင်တော့ ရှိနေတဲ့ ခန္ဓာနဲ့ ဆက်စပ်ပြီး ဒုက္ခပေးနိုင်သေးတယ်။ ဘုရားဖြစ်တဲ့ဘဝ၊ ရဟန္တာ ဖြစ်တဲ့ဘဝမှာ အတိတ်ကံဟောင်းတွေက ခန္ဓာရှိနေလို့ ဒုက္ခပေးနိုင်သေးတယ်။ သို့သော် နောင် ဘဝတစ်ခု ဖြစ်ပေါ်စေဖို့ ဆိုတာကျတော့ မတတ်နိုင်တော့ဘူး။ ဘာဖြစ်လို့မတတ်နိုင်လည်း ဆိုတော့ ကိလေသာဆိုတဲ့ အဖော် မရှိတော့လို့။

ဉပမာ - မျိုးစေ့လေးတစ်ခုကို ကြည့်။ မျိုးစေ့ လေးဟာ မြေရေရဲ့ အကူအညီ မပါလို့ရှိရင် အပင် မပေါက်နိုင်ဘူး။ မြေနဲ့ရေနဲ့ ဝေးအောင် ထားလိုက်ရင် ဒီမျိုးစေ့ဟာ အပင်မပေါက်ဘူး။ အဲဒါနဲ့ပဲ ကံတရား တွေ၊ ကံဟောင်းတွေ ရှိနေလင့်ကစား ကိလေသာ ဆိုတဲ့ အကူမပါဘူးဆိုရင် ဘဝတစ်ခု အကျိုးမပေး

http://www.dhammadownload.com



တော့ဘူး။ အပင်တစ်ပင် မပေါက်နိုင်ဘူးလို့ ဆိုလိုတယ်။

ပဋိစ္စသမုပ္ပါဒ်မှာ ဒီသဘော အလွန်ထင်ရှားတယ်။ အဝိဇ္ဇာဆိုတဲ့ ကိလေသာရှိလို့ သင်္ခါရ ဆိုတဲ့ ကံရှိတယ်။ အဲဒီအဝိဇ္ဇာနဲ့ သင်္ခါရ၊ ကိလေသာနဲ့ ကံ (၂) ခု ပေါင်း စပ်လိုက်ပြီး အကျိုးကို ထုတ်လုပ်ကြတယ် 'ဝိညာဏ' ဆိုတဲ့ ဘဝသစ် ပဋိသန္ဓေတစ်ခု ရလာတယ်။ ဒါကြောင့် ဘဝတစ်ခုဟာ ကံကိလေသာတွေရဲ့ အကျိုးဆက်လို့ ပြောတာ။ ကံနဲ့ ကိလေသာတွေ ပေါင်းစပ်ပြီး ထုတ်ထားတာ။

ဘုန်းကြီးတို့ ခန္ဓာကိုယ်ကြီးကို ကြည့်လိုက် ကံနဲ့ကိလေသာ (၂) ရပ်က ပေါင်းစပ်ပြီးတော့ ထုတ်လုပ်ထားတဲ့ ခန္ဓာကြီးပဲ။ အဲဒီ ကံနဲ့ ကိလေသာ (၂) ရပ်က ပေါင်းစပ်ပြီး ထုတ်လုပ်ထားတဲ့ ခန္ဓာကိုယ်ထဲမှာ ကိလေသာတွေ ကုန်သွားလင့်ကစား သူ့ရဲ့အကျိုးဆက်

http://www.dhammadownload.com



ခန္ဓာကြီးရှိနေသေးသမျှ ဟောဒီကံကြမ္မာက အကျိုးပေးနိုင်သေးတယ်လို့ ဒီလိုပြောတာ။

## ကြွေးကို ပေးဆပ် ရတယ်

'ဝဋ်ကြွေး' တဲ့၊ လည်ပတ်ပြီးတော့ ဖြစ်လာတာ။ တစ်ချိန်တုန်းက ကိုယ်ကိုယ်တိုင် လုပ်ခဲ့တဲ့ လုပ်ရပ်တွေက ပြန်ပြီးတော့ Reaction တုံ့ပြန်ပြုလုပ်လာတာတွေ ရှိလာတယ်။ ဒါ သဘာဝတရားရဲ့ တုံ့ပြန်မှုလို့ ပြောတာ။ အဲဒီ တုံ့ပြန်မှုလေးတွေက ဘုရား ပဲဖြစ်စေ၊ ရဟန္တာပုဂ္ဂိုလ်တွေပဲဖြစ်စေ မည်သူ့သန္တာန်ပဲဖြစ်ဖြစ် ကံကြမ္မာ ဝဋ်ကြွေးတွေက အကြောင်းညီညွတ်ရင် တုံ့ပြန်လာတတ်သေးတယ်တဲ့။ အဲဒီဝဋ်ဟာ ကိုယ်လုပ်ခဲ့တာ ဖြစ်သည့်အတွက်ကြောင့် ကိုယ်က ပြန်လည်ပေးဆပ်ရလို့ ကြွေးနဲ့အလားသဏ္ဍာန်တူလို့ ကံကြမ္မာဝဋ်ကြွေးလို့ ပြောတာ။ ကြွေးဆိုတာမဆပ်ဘဲနေလို့မရဘူး။ ဆပ်ရတယ်နော်။

http://www.dhammadownload.com



ကြွေးဆိုတာ တစ်နေ့ တစ်ချိန် ဆပ်ရတယ်။ ဒါကြောင့် ဒီကံကြမ္မာဝဋ်ကြွေး ဟာလည်းပဲ ပေးဆပ်ကြရတယ်။ အကယ်၍ မပေးဆပ်ရသေးလို့ရှိရင် ဒီကံရဲ့ အရှိန် အဟုန်က ကုန်ပြီးတော့ မသွားဘူး။

ကိလေသာကုန်သွားရင် ဘဝ အကျိုးပေးစရာ မရှိတော့သည့်အတွက်ကြောင့် ဘဝတစ်ခုကို အကျိုး မပေးနိုင်ဘူး။ သို့သော် ကံကိလေသာရဲ့ အကျိုးဆက် ဖြစ်တဲ့ ခန္ဓာကြီး ရှိနေသေးရင်တော့ ပေးဆပ်ကြရ သေးတယ်လို့ ဒီလိုပြောတာနော်။

ဘုန်းကြီးတို့ဘဝလည်း ကိုယ့်ကိုယ်ကို ပြန်စစ်ပြီး တော့ ကြည့်ပေါ့။ အသက် (၃၀) အရွယ်ရှိတဲ့ ပုဂ္ဂိုလ် က ဒီ (၃၀) အတွင်းမှာ ဘာတွေဖြစ်ခဲ့သလဲ။ အသက် (၄၀)၊ (၅၀)၊ (၆၀)၊ (၇၀) ရှိတဲ့ ပုဂ္ဂိုလ်ကလည်း ကိုယ့် ဒီဘဝတွေအတွင်းမှာ ဘာတွေဖြစ်ခဲ့သလဲ ပြန်ပြီး တော့ ကြည့်။ မဖြစ်ချင်တာတွေ ဖြစ်လာလို့ရှိရင်

http://www.dhammadownload.com



ကံကြမ္မာ ဝဋ်ကြွေးနဲ့ သက်ဆိုင်မှုရှိမရှိ အတော်အသင့် ခန့်မှန်းလို့ ရမယ်။

## ဘုရားသော်မှ ကြွေးဆပ်ရ

ဗုဒ္ဓမြတ်စွာဟာ ဘုရားအဖြစ်သို့ရောက်လို့ ကိလေသာတွေ ကုန်ပေမယ့်လို့ အတိတ်ဘဝက ကံကြမ္မာဝဋ်ကြွေးတွေကို ပြန်လည်ပေးဆပ်နေရသေးတယ်တဲ့။ ဆိုလိုတာက အတိတ်ကံရဲ့ လှုံ့ဆော်မှုလေးတွေဟာ မြတ်စွာဘုရားမှာ ကံရဲ့အကျိုးဖြစ်တဲ့ ခန္ဓာကြီးရှိသေးလို့ ပြန်ပြီး ပေါ်လာတတ်သေးတယ်လို့ ပြောတာ။ အဲဒါကို ပုဗ္ဗကမ္မ ပိလောတိက ဗုဒ္ဓအပဒါန ဆိုပြီးတော့ အပဒါန်ထဲမှာ မှတ်တမ်းတင်ထားတယ်။

ဘုရားရဲ့ဘဝနဲ့ဆက်စပ်ပြီး ကြည့်ကြရအောင်။ အားလုံးသိတဲ့အတိုင်း မြတ်စွာဘုရားအလောင်းဟာ ပါရမီဆယ်ပါး အပြားသုံးဆယ် ဖြည့်ကျင့်ပြီးတော့

http://www.dhammadownload.com



ဘုရားအဖြစ်သို့ ရောက်လာတာ။ နည်းတဲ့ ကုသိုလ်တွေမဟုတ်ဘူး။ ကုသိုလ်ကောင်းမှုတွေက အင်မတန်မှများတယ်။ အဲဒီလောက်များတဲ့ ကုသိုလ် ကောင်းမှုတွေကို ဆည်းပူးအားထုတ်လို့ ဘုရားဖြစ်လာတာတောင်မှပဲ ဟောဒီခန္ဓာကြီး ရှိနေတဲ့အခါမှာ တစ်ကြိမ်တစ်ခါ မှားခဲ့တဲ့ အကုသိုလ်ကံက အခွင့်ရရင် အခွင့်ရသလို ဝင်ရောက်ပြီးတော့ နှောင့်ယှက်တာလေးတွေ ရှိနေသေးတယ်။ သူက ဘာဖြစ်လို့ အခွင့်ရနေသလဲဆိုရင် ကံရဲ့ အကျိုးဆက်ဖြစ်တဲ့ ခန္ဓာကြီး ရှိနေလို့ အခွင့်ရတာ။ ဒီခန္ဓာကြီး မရှိရင်တော့ သူအခွင့်မရနိုင်တော့ဘူး။ အဲတော့ ခန္ဓာကြီး ရှိနေလို့ အခွင့်ရတဲ့အခါမှာ ဝင်ပြီးတော့ နှောင့်ယှက်သေးတယ်။

မြတ်စွာဘုရားရဲ့ ဘဝကို ကြည့်လိုက်၊ မြတ်စွာဘုရားဟာ လူ့ဘဝရလာပြီးတဲ့အခါမှာ သက်တော် (၈၀) လူ့လောကမှာ နေထိုင်ခဲ့တယ်။ သက်တော်

http://www.dhammadownload.com



(၈၀)၊ ဘုရားဘဝနဲ့ (၄၅) နှစ် နေထိုင်ခဲ့တယ်။ တရားကျင့်တဲ့အချိန်က နှစ်ပေါင်း (၆)နှစ်။ လောကီစည်းစိမ်ခံစားပြီးတော့ မင်းသားဘဝနဲ့ နေတာက (၂၉)နှစ်။ ရွှေနန်းစည်းစိမ် ခံစားနေတဲ့ (၂၉) နှစ်အတွင်းမှာ အခက်အခဲ တစ်စုံတစ်ရာရှိခဲ့တယ်ဆိုတာ မှတ်တမ်းမှာ မှတ်ထားတာ မရှိဘူး။

## ပထမဝဋ်ကြွေး

တောထွက်ပြီး တရားကျင့်တဲ့ (၆)နှစ်မှာ ခက်ခက်ခဲခဲ တရားကျင့်ခဲ့ရတာ ဘာကြောင့်လဲ?။ သာမန်အနေအထား မဟုတ်ဘဲနဲ့ ဘုရားအလောင်းတော်ဟာ "အနုတ္တရ သန္တိဝရပဒ"ခေါ်တဲ့ တကယ့်ထူးမြတ်တဲ့ အငြိမ်းဓာတ်ကို ရှာတယ်။ ဒီလို ရှာတာဟာ မှန်ကန်တဲ့ လမ်းကြောင်းနဲ့ မရှာမိဘဲနဲ့ မှားယွင်းတဲ့ လမ်းကြောင်းလိုက်ပြီး ရှာနေတာဟာ အချိန်တွေ ဖြုန်းပြီးတော့ (၆) နှစ်နီးနီးလောက် ဖြစ်သွားတယ်။

http://www.dhammadownload.com



"ဒီလို လမ်းမှားလို့ ခန္ဓာကိုယ် ပင်ပန်းပြီး ဒုက္ခ ရောက်ရတာဟာ ကံကြမ္မာဝဋ်ကြွေးကို ပေးဆပ်ရတာ"လို့ ဒီလို အဲဒီထဲမှာ မှတ်တမ်း တင်ထားတယ်။

အဲဒီအချိန်က စပြီးတော့ မြတ်စွာဘုရားအတွက် ကံကြမ္မာ ဝဋ်ကြွေးဟာ ပေါ်လာတာ။ မှန်မှန်ကန်ကန်နဲ့ တကယ့် တရားလမ်းကြောင်းအတိုင်း ကြည့်လိုက်မယ်ဆိုရင် ခြောက်နှစ်အထိ ကျင့်စရာ မလိုဘူး။ ဒီလောက် အပင်ပန်းခံဖို့လည်း မလိုဘူး။ မလိုအပ်ဘဲနဲ့ မှားယွင်းတဲ့ အကျင့်တွေနဲ့ အချိန်ကုန်ပြီး ခန္ဓာကိုယ်ကြီး ပင်ပန်းကာ ဒုက္ခတွေ အကြီးအကျယ် ရောက်သွားခဲ့ရတာဟာ လွန်ခဲ့တဲ့ဘဝ တစ်ခုမှာ ပြစ်မှားခဲ့တဲ့ ကံကြမ္မာဝဋ်ကြွေးကို ပေးဆပ်ရခြင်းလို့ ဒီလိုပြောတာ။

ဘယ်တုန်းက ဝဋ်ကြွေးဖြစ်ခဲ့တာတုန်းလို့ဆိုတော့ သိပ်မဝေးခင်က ဝဋ်ကြွေး။ ဟောဒီ ဘဒ္ဒကမ္ဘာထဲမှာ တတိယမြောက်ပွင့်တဲ့ ဘုရားဟာ ကဿပ မြတ်စွာ

http://www.dhammadownload.com



ဘုရား။ လူတွေရဲ့ အသက် နှစ်သောင်းတမ်းမှာ ကဿပမြတ်စွာဘုရား ပွင့်တော်မူခဲ့တယ်။ အဲဒီအချိန်မှာ ဂေါတမဘုရားအလောင်းဟာ ဇောတိပါလ လို့ ဆိုတဲ့ ဗေဒကျမ်းတတ် ပုဏ္ဏားဖြစ်ခဲ့တယ်။

ဗေဒကျမ်းတတ် ပုဏ္ဏားတွေဆိုတာ အလွန်မာန်မာနကြီးတယ်။ ပညာမာန်တက်တယ်။ ပညာမာန်တင်မကဘူး။ ဗြာဟ္မဏဆိုတာ အဲဒီခေတ်အခါမှာ အမြင့်ဆုံးပဲ။ ကဿပဘုရားလက်ထက်နဲ့ ဂေါတမဘုရားလက်ထက် မတူဘူး။ ခတ္တိယဇာတ်၊ ဗြာဟ္မဏဇာတ်၊ ဝေဿဇာတ်၊ သုဒ္ဒဇာတ်လို့ အိန္ဒိယနိုင်ငံမှာ လူတွေရဲ့ အဆင့်အတန်း ဇာတ်ခွဲခြားထားတာ (၄) မျိုးရှိတယ်။ အဲဒီ (၄) မျိုးထဲမယ် ဂေါတမဘုရားလက်ထက်မှာကျတော့ "ခတ္တိယဇာတ်"က ဦးဆောင်နေတယ်။ မင်းမျိုးတွေက ထိပ်တန်း ရောက်တယ်လို့ ဆိုတယ်။ ဗြာဟ္မဏဇာတ်က ဒုတိယ အဆင့်မှာ ရှိတယ်။ ဝေဿတို့ သုဒ္ဒတို့ကတော့ တတိယနဲ့ စတုတ္ထပေါ့။

http://www.dhammadownload.com



ကဿပဘုရားလက်ထက်မှာကျတော့ ခတ္တိယဇာတ်ထက် "ဗြဟ္မဏဇာတ်"က ထိပ်တန်းကျတယ်။ ဗြဟ္မဏဇာတ်က ပိုပြီးတော့မြင့်တယ်။ ဘာဖြစ်လို့တုန်းဆိုတော့ ကဿပမြတ်စွာဘုရား ကိုယ်တိုင်ကိုက ဗြဟ္မဏဇာတ်ဝင်ပဲ။ အဲတော့ ဇာတ်ကို အမှီပြုပြီးတော့လည်းပဲ မာန်မာနတွေတက်တယ်။ ဗေဒကျမ်းဂန်တွေတတ်တဲ့ ဗဟုသုတပညာကို အကြောင်းပြုပြီးတော့လည်း အဲဒီဇောတိပါလပုဏ္ဏားမာန်မာနတွေတက်ခဲ့တယ်။ ဘုရားအလောင်းနော်။

ဘုရားအလောင်း ဆိုတာ အင်မတန်မှ စိတ်ကောင်းရှိပြီး ဘဝမှာ ဆည်းပူးအားထုတ်ခဲ့တဲ့ ပါရမီတွေနဲ့ အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ် ဖြစ်တယ်။ ဘယ်လောက်ပဲ ပါရမီတွေ ပြည့်ပြည့် ပတ်ဝန်းကျင်ရဲ့ လှည့်စားမှုကြောင့် ဇာတိမာန်တွေ တက်တယ်။ ပညာမာန်တွေတက်တယ်။ ပညာမာန်တွေ တက်ပြီး

http://www.dhammadownload.com



တော့ ကဿပမြတ်စွာဘုရားကို လူမထင် သူမထင် သဘောမျိုးနဲ့ သူက ပြောခဲ့တယ်။

ဘယ်လို ပြောလဲလို့ဆိုရင် ဘုရားတစ်ဆူဖြစ်ဖို့ ဗောဓိဆိုတဲ့ အသိဉာဏ်ဟာ အင်မတန်မှ ရဖို့ ခဲယဉ်းတယ်။ သူတို့ဗေဒကျမ်းဂန်တွေထဲမှာလည်း ပါတာပေါ့။ ဒီလိုခဲယဉ်းတဲ့ အသိဉာဏ်ကို ဒီလိုကတုံး တုံးထားတဲ့ကိုယ်တော်က ရနိုင်ပါ့မလားလို့ ဒီလိုပြောခဲ့တယ်။ ကဿပဘုရားကို အထင်သေးပြီးတော့ ပြောခဲ့တာ။ ဒီစကားလေး ရှိတယ်ပေါ့။ ကုတော နု ဗောဓိ မုဏ္ဍကဿ တဲ့နော်။

'မုဏ္ဍကဿ' ဆိုတာ ဦးဗျည်းကတုံးဆိုတဲ့ အဓိပ္ပာယ် ကို ပြောတာ။ "ဗောဓိ ပရမဒုလ္လဘာ" ဗောဓိဆိုတဲ့ သဗ္ဗညုတဉာဏ်ကြီးဟာ အင်မတန်မှ ရဖို့ခဲယဉ်းတယ်။ ရခဲတယ်။ အဲဒီရခဲတဲ့ သဗ္ဗညုတဉာဏ်ကြီး သူလိုလူ ရနိုင်ပါ့မလား၊ မရနိုင်လောက်ဘူးလို့ အထင်သေးပြီးတော့ ပြောခဲ့တဲ့စကား ရှိခဲ့တယ်။

http://www.dhammadownload.com



ဘုရားအလောင်းပေမယ့်လို့ ဘုရားကို မကြည်ညိုဘူး ဆိုတာ သတိထားဖို့ လိုအပ်တယ်။

ကဿပဘုရားပြီးရင် ပွင့်မည့် ဘုရားအလောင်း က ဘုရားကို မကြည်ညိုဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကို သိပ်ပြီးတော့ အထင်မကြီးနဲ့။ ဒီဘဝမှာ ဗုဒ္ဓဘာသာ ဖြစ်နေပေမယ့်လို့ နောင်ဘဝမှာ ဗုဒ္ဓဘာသာ လူမျိုး တွေ ကြားမှာ မဖြစ်ဘဲနဲ့ တခြားလူမျိုး တခြား ဘာသာ ဝင်တွေရဲ့ကြားမှာ ဖြစ်မယ်ဆိုရင် တခြား ဘာသာဘက် ရောက်သွားမှာပဲ။ ဒါကြောင့် ကိုယ့်ကိုယ်ကို အသိ ဉာဏ် ခိုင်မာအောင်လုပ်ဖို့ အင်မတန်မှ အရေးကြီး တယ်။ ဒီလို ဘုရားအလောင်းကြီးတောင်မှပဲ ဘုရား ကို ကြည်ညိုနိုင်စွမ်း မရှိဘူး။

အဲဒီမှာ ကဿပမြတ်စွာဘုရားကို ပြုစုနေတဲ့ ကဿပဘုရားနဲ့ အင်မတန်မှ ရင်းနှီးတဲ့ 'ဃဋီကာရ' ဆိုတဲ့ အိုးထိန်းသည်ကြီး ရှိတယ်။ ဂေါတမမြတ်စွာ ဘုရားအလောင်း တောထွက်တဲ့အခါ သူပဲ ဗြဟ္မာကြီး

http://www.dhammadownload.com



အဖြစ်နဲ့ ကြာသက်နှံးလာကပ်တယ်၊ ကဿပဘုရား လက်ထက်တုန်းက သူက အိုးထိန်းသည်ကြီး။ မျက်စိ နှစ်ကွင်း အလင်းမရတဲ့ မိဘ (၂) ပါးကို ပြုစု လုပ်ကျွေး နေတာ သူက အနာဂါမ်ဉပါသကာကြီး။

ဇောတိပါလဆိုတဲ့ ပုဏ္ဏားနဲ့သူက အင်မတန်မှ ခင်တယ်။ အင်မတန်မှ ရင်းနှီးတယ်။ ရင်းနှီးတော့ အဲဒီ ဇောတိပါလပုဏ္ဏားကို ဘုရားကျောင်းခေါ်တာ၊ ဇောတိပါလက မလိုက်ဘူး။ မလိုက်ရုံတင်မကဘူး။ “ဒီဦးပြည်းကတုံးတွေဆီ သွားလို့ ဘာအကျိုး ရှိမှာ တုန်း” ဆိုတဲ့ စကားမျိုး ပြောတယ်နော်။

နောက်ဆုံးကျတော့ ‘ဃဋီကာရ’ ဆိုတဲ့ အိုးထိန်းသည်ကြီးက ခွန်အားဗလလည်း အင်မတန် ကောင်းတယ်။ အတင်းအကြပ် လိုက်မှာလား၊ မလိုက် ဘူးလားဆိုပြီး ဆံပင်ဆွဲကိုင်လိုက်တဲ့အခါကျတော့မှ သူလက်လျှော့တယ်၊ ဘုရားအလောင်းဆိုတာ စိတ် ကောင်းတော့ အင်မတန်ရှိတယ်။ ‘ဃဋီကာရ’ လို

http://www.dhammadownload.com



ဇာတ်နိမ့်တစ်ယောက်က သူ့ဆံပင်ကို ကိုင်တာနဲ့ပဲ သူက သာမန်ပုဂ္ဂိုလ်ဆိုရင် အဲဒီနေရာမှာ သတ်ပွဲဖြစ်သွားနိုင်တယ်။ ဘုရားအလောင်းကတော့ စဉ်းစားတယ်။ "သိပ်အရေးကြီးတဲ့ ကိစ္စမို့ ငါ့ကိုခေါ်တာပဲ"လို့ တွေးတယ်။ တွေးပြီးတော့ "ကဲ ဆံပင်ကိုတော့ မဆွဲနဲ့ လိုက်ခဲ့မယ်"ဆိုပြီး လိုက်သွားတယ်။

ဘုရားဆီရောက်တော့ တရားဟောတယ်။ ဘုရား တရားလည်း နာလိုက်ရရော "ဒါမှ တရားစစ် တရားမှန်ပဲ"ဆိုတာ ချက်ချင်း သိသွားတယ်။ စောစောပိုင်းတုန်းကတော့ ဇာတိမာန်တွေ၊ ပညာမာန်တွေနဲ့ အခုအခံ ဖြစ်နေသည့် အတွက်ကြောင့် ဘုရားအပေါ်မှာ အထင်သေး အမြင်သေး စကားတွေ ပြောခဲ့တယ်။ ဘုရားတရား နာလိုက်ရတဲ့အခါ အမှန်တရားဆိုတာ ဒါပဲလို့ ဆုံးဖြတ်ပြီး တရားပွဲက ထတာနဲ့ တစ်ပြိုင်နက် ဘုရားဆီမှာ ခွင့်မတောင်းပြီး သက်န်းဝတ်လိုက်တာ အိမ်မပြန်တော့ဘူး။

http://www.dhammadownload.com



## ဘုရားအလောင်းတွေက ပြတ်သားတယ်

ဘုရားအလောင်းတွေက ဆုံးဖြတ်ချက် အင်မတန် ပြင်းထန်တယ်။ သာမန်ပုဂ္ဂိုလ်တွေက ဒီလိုဆုံးဖြတ်ချက် သိပ်ပြီးတော့ မရှိဘူး။ ကြိုက်တော့ ကြိုက်တယ် မလုပ်နိုင်သေးဘူး။ ဘုရားအလောင်းတွေကျတော့ အယူဝါဒ တစ်ခုကိုယူပြီ ဆိုလို့ရှိရင်လည်း လမ်းဆုံးအောင် လိုက်တယ်။ စွန့်ပြီဆိုရင်လည်း ချက်ခြင်းစွန့်တယ်။ သူတို့က အချိန်မဆွဲဘူး။ ပြတ်သားတယ်။ ရဲရင့်တယ်။ သာမန် ပုဂ္ဂိုလ်တွေက ပြတ်သားမှု ရဲရင့်မှု အားနည်းတယ်။ သံသရာထဲမှာ အချိန်ဆွဲနေကြတာ၊ ဟုတ်ရဲ့လား။

ဘုန်းကြီးတို့တတွေ ပြတ်သားမှု၊ ရဲရင့်မှု မရှိသည့် အတွက်ကြောင့် သံသရာထဲမှာ အချိန်ဆွဲပြီး ကြာနေကြတာ။ ဇောတိပါလ လုလင်ဘဝတုန်းက **"ဗောဓိဆိုတာ အလွန်ခဲယဉ်းတာ။ ဒီလို ဦးပြည်း ကတုံးတွေ အနေနဲ့ ဘယ်လိုလုပ်ပြီး**

http://www.dhammadownload.com



ဗောဓိဉာဏ်ကို ရနိုင်မှာတုန်း" ဆိုတဲ့ ဒီအပြောနဲ့ ကဲ့ရဲ့စကား ပြောခဲ့သည့်အတွက်ကြောင့် လမ်းလွဲပြီးတော့ သူ့ခမျာ ကျင့်နေရတာ လွယ်လွယ်နဲ့ မရဘူး။

ဒီစကား ပြောခဲ့သည့် အတွက်ကြောင့် လွယ်လွယ်နဲ့ မရခဲ့ဘူး။ ခြောက်နှစ်ပတ်လုံး လမ်းလွဲပြီးတော့ ဘုရားအလောင်းဟာ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ရတယ်။ ပင်ပန်းဆင်းရဲစွာ အတော်နဲ့ လမ်းမတွေ့နိုင်ဘူး။ ဒါဟာ ဝဋ်ကြွေးကို ပေးဆပ်လိုက်ရတာပဲ။ ဒါကြောင့် အင်မတန်မှ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်ပြီးတော့ ဝစီကံမျိုး ဖြစ်မှားတဲ့စကားမျိုး မပြောမိအောင် ဘုန်းကြီးတို့တတွေ ဆင်ခြင်ဖို့ လိုအပ်တယ်။

ဒီကံကြမ္မာဝဋ်ကြွေးဟာ ကိုယ်တိုင်လုပ်ခဲ့တာဖြစ်သောကြောင့် ကိုယ့်သန္တာန်မှာ ကြွေးအနေနဲ့ တင်ရှိနေတယ်။ ဒါကြောင့် ပေးဆပ်ရတယ်။ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်ပြီးတော့

http://www.dhammadownload.com



ပေးဆပ်လိုက်ရတယ်။ ခြောက်နှစ်ကျင့်တဲ့ အကျင့်ဟာ ဘာမှ အထောက်အကူ မဖြစ်ဘူး။ ပင်ပန်းရုံ သက်သက်ပဲလို့ ဆိုလိုတယ်။ အဲဒီ ဒုက္ကရစရိယာ အကျင့်ကိုကျင့်လို့ ဘုရားဖြစ်တာ မဟုတ်ဘူး။ လမ်းလွဲပြီးတော့ လိုက်နေတာ ခန္ဓာကိုယ်ပင်ပန်းရုံပဲ။ မှန်ကန်တဲ့ လမ်းကြောင်းကို နောင်မှတွေ့သွားတာ။ အဲဒီလမ်းမှားလိုက်တာဟာ ဘာကြောင့်လိုက်ရ သလဲ ဆိုရင် ကဿပဘုရား လက်ထက်တုန်းက မာန်မာနကြီးပြီးတော့ ပြောမှား ဆိုးမှား လုပ်ခဲ့ သည့်အတွက်ကြောင့် အဲဒီ ကံကြွေးဟောင်းကြွေး ကို ပေးဆပ်ရတာ။

## စွပ်စွဲခံရမှု ဝဋ်ကြွေးနှစ်ခု

နောက်တစ်ခု မြတ်စွာဘုရားရဲ့ဘဝကို ကြည့်၊ ဘုရားရဲ့ဘဝမှာ ဒီစွပ်စွဲခံရမှုကြီး (၂) ခု ကြုံခဲ့တယ်။ သေသေချာချာ စဉ်းစားကြည့်။ လူ့ဘဝ ရလာတဲ့

http://www.dhammadownload.com



အခါမှာ လူတိုင်းလူတိုင်း စွပ်စွဲခံရတာ မဟုတ်ဘူး။ မြတ်စွာဘုရားရဲ့ဘဝမှာ အကြီးအကျယ် အရှက်တကွဲ အကျိုးနည်းဖြစ်အောင် စွပ်စွဲခံရမှုကြီးဟာ (၂) ကြိမ် ကြုံခဲ့ဖူးတယ်။ **သုန္ဒရီပရိဗိုဇ်မရဲ့ ပြဿနာတစ်ခု။ စိဉ္စမာဏဝိကာနဲ့ ပတ်သက်တာက ပြဿနာ တစ်ခု။**

အောင်ခြင်းရှစ်ပါးထဲမှာတော့ စိဉ္စမာဏဝိကာရဲ့ အကြောင်း သိနေကြတယ်ပေါ့နော်။ မသိတာက သုန္ဒရီပရိဗိုဇ်မရဲ့ ပြဿနာ။ အင်မတန်မှ ဖြေရှင်းရခက်တဲ့ စွပ်စွဲခံရမှုကြီး (၂) ခု ကြုံခဲ့ဖူးတယ်။ မြတ်စွာဘုရား ဘဝမှာ ကြုံခဲ့တယ်။ အဲဒီလိုကြီးမားတဲ့ စွပ်စွဲခံရမှုကြီး (၂) ခု ကြုံတာဟာလည်းပဲ ကံကြမ္မာ ဝဋ်ကြွေးကို ပေးဆပ်ရတာ။ တစ်ချိန်တုန်းက သူကိုယ်တိုင် စွပ်စွဲခဲ့ဖူးတယ်။ အဲဒီ စွပ်စွဲခဲ့တဲ့ ပြစ်မှုတွေကို သူကိုယ်တိုင် ခံရတာ။

http://www.dhammadownload.com



'ဖုဿ' မြတ်စွာဘုရား လက်ထက်အခါ ကာလမှာ သူက 'မုနာလိ' ဆိုတဲ့ လူဆိုးလူပေ တစ်ယောက် ဖြစ်ခဲ့တယ်။ ခုခေတ်ဆို လမ်းသရဲလို့ ပြောချင်ပြောမှာပေါ့။ ပါဠိစာပေက ဓုတ္တလို့ဆိုတဲ့ အသုံးနဲ့သုံးတယ်။ ဓုတ္တဆိုတာ အပျော်ကြူးသမား လူဆိုးပေါ့။ ကစားကြူးတယ်။ အရက်ကြူးတယ်။ ကာမကြူးတယ်ဆိုတဲ့ အဲဒီ အပျော်အပါး လိုက်စားပြီး တော့ မကောင်းတာဆို အကုန်လုပ်တဲ့ လူမျိုးကို ဓုတ္တလို့ ခေါ်တယ်ပေါ့။

အဲဒီ မုနာလိ ဆိုတဲ့ လူဆိုးဘဝမှာ သူက သုတပိ ဆိုတဲ့ ပစ္စေကဗုဒ္ဓမထေရ်မြတ်ကို စွပ်စွဲခဲ့ ဖူးတယ်။ မဟုတ်တရုတ်နဲ့ မတော်မတရား စွပ်စွဲခဲ့ တယ်။ တကယ့် ပစ္စေကဗုဒ္ဓါကို သွားပြီးတော့ စွပ်စွဲခဲ့ တာ။ အဲဒီစွပ်စွဲခဲ့တဲ့ ပြဿနာ၊ ကံကြွေးမှာကြောင့် ဒီဘဝ မှာ အကြီးအကျယ် စွပ်စွဲခံရတယ်။

http://www.dhammadownload.com



## သုန္ဒရီ သတ်မှု

ဒီစွပ်စွဲမှုကြီးက ဘယ်မှာဖြစ်တုန်းဆိုတော့ သာဝတ္ထိပြည်မှာဖြစ်တာ။ သာမန်ပုဂ္ဂိုလ်ဆိုရင် ဖြေရှင်းဖို့ရာ အင်မတန် ခက်ပါတယ်။ မြတ်စွာဘုရားကို ကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေက အလွန်များတယ်။ ရဟန်းတွေကို ကြည်ညိုတဲ့ပုဂ္ဂိုလ်တွေကလည်း အင်မတန်များတယ်။ လူတွေက လှူကြ တန်းကြ၊ ဘုရားကျောင်းတော်ကို သွားကြလာကြ၊ လှူကြ တန်းကြဆိုတော့ တစ်ဖက်ဘာသာခြားဖြစ်တဲ့ ပရဗိုဇ်တွေကို ကြည်ညိုသူမရှိဘူး။ မေးမယ့်သူ မရှိဘူး။ လာမယ့်သူမရှိဘူး။

အဲဒီအခြေအနေမျိုး ရောက်သွားတဲ့အခါကျတော့ လူ့ရဲ့သဘာဝကို စဉ်းစားကြည့်ပေါ့။ တစ်ဖက်က သိပ်ကြီးပွားနေပြီးတော့ တစ်ဖက်က လုံးဝ နိမ့်ကျသွားတယ်ဆိုရင် အဲဒီ တစ်ဖက်က ဘာဖြစ်မလဲ။ မနာလိုမှုတွေ ဖြစ်လာတာပေါ့။ ပရဗိုဇ်တွေက မနာလို

http://www.dhammadownload.com



ဖြစ်လာတဲ့ အခါကျတော့ လုပ်ကြံစွပ်စွဲမှုကြီးတစ်ခု ဖန်တီးကြတယ်။ ယုတ္တိရှိအောင် သူတို့ဘယ်လို ဖန်တီး တုန်းလို့ဆိုတော့ သူတို့ ပရဗိုဇ်တွေထဲမှာ ငယ်ငယ် ရွယ်ရွယ် အမျိုးသမီးပရဗိုဇ်မလေးတွေ ရှိတယ်။ 'သုန္ဒရီ' ဆိုတဲ့ ပရဗိုဇ်မလေးက ရုပ်အဆင်း အင်မတန်မှ ချော မောလှပတယ်။ ငယ်လည်းငယ်တယ်။ အဲတော့ သူ့ကို တိုက်တွန်းကြတယ်။ စွပ်စွဲဖို့ရာအတွက် သူ့ကို အသုံးပြု ကြတယ်ပေါ့။

သူက ဘာလုပ်ပေးရမလဲလို့ဆိုရင် နေ့စဉ် နေ့စဉ် ဘုရားကျောင်းတော်က ဒကာ၊ ဒကာမတွေ တရားနာ ပြီးအပြန်မှာ သူက ကျောင်းတော်ဘက်ကို သွားရမယ်။ ခုခေတ်လို ဆိုလို့ရှိရင် သရုပ်ဆောင်တာပေါ့လေ။ လူ တွေက တွေ့တယ်။ သုန္ဒရီ ဘယ်သွားတာတုန်းဆိုရင် ဇေတဝန်ကျောင်းသွားမလို့။ အဲဒီအပြောလေးနဲ့သူက ဇေတဝန်ကျောင်းကို နေ့တိုင်းသွားတာ။ ညနေ နေဝင် ချိန်ဆိုရင် ဇေတဝန်ကျောင်းသွားပြီ။ ကျန်တဲ့လူတွေ

http://www.dhammadownload.com



က ဘုရားဖူး၊ တရားနာပြန်လာရင် သူက ဇေတဝန်ကျောင်းဘက်သွားတယ်။ သို့သော် ဇေတဝန်ကျောင်းနား ရောက်တဲ့အခါကျတော့ အဲဒီထဲ မဝင်ဘူး။ လှည့်ပတ်ပြီးတော့ တခြားလမ်းကနေ ထွက်သွားတယ်။ လူတွေ သံသယဖြစ်အောင် လုပ်တဲ့သဘောပေါ့။

ဒီလို အများသိလာအောင် ညနေတိုင်း ညနေတိုင်း ဇေတဝန်ကျောင်းသွားတယ်။ ဇေတဝန်ကျောင်းသွားတယ်ဆိုတာ ပတ်ဝန်းကျင်က ပြောဆိုလာတဲ့အချိန်လေးမှာ ဘာလုပ်တုန်းဆိုတော့ (အင်မတန်ရက်စက်တဲ့ အကြံပဲ) သုန္ဒရီကို လူသတ်သမားငှားပြီးတော့ သတ်ပစ်လိုက်တယ်။ သတ်ပစ်ပြီးတော့ သုန္ဒရီရဲ့ အလောင်းကို ဇေတဝန်ကျောင်းထဲမှာ သွားပြီး ပစ်ထားတယ်။ လူတွေ ဘုရားကို ပူဇော်တဲ့ ပန်းတွေနဲ့ အမှိုက်တွေပစ်တဲ့ နေရာထဲမှာ သုန္ဒရီရဲ့ အလောင်းကို ဖုံးပြီးတော့ အဲဒီမှာ ပစ်ထားလိုက်တာ။

http://www.dhammadownload.com



အဲဒီလို လူသတ်မှု ကျူးလွန်ပြီးတဲ့နောက်မှာ သုန္ဒရီ ပျောက်နေတယ်၊ ပျောက်နေတယ်နဲ့ ဘုရင့်ဆီ တိုင်တာပေါ့။ တိုင်တော့ လိုက်ရှာတယ်။ "ဘယ်မှာ သံသယ ရှိတုန်း"။ "ဟာ ဒီရက်ပိုင်းမှာ နေ့တိုင်း သူ ဇေတဝန်ကျောင်းသွားတယ်။ ညနေဆိုရင် အဲဒီဘက် သွားတယ်။ ဇေတဝန်ကျောင်း မသက်ာဘူး" ဆိုပြီး သွားစစ်ကြတယ်။ သူ့အလောင်းက ဇေတဝန် ကျောင်းထဲ အမှိုက်ပုံမှာ တွေ့တယ်။ အဲဒီလိုတွေ့တဲ့ အခါ ဘာလုပ်ကြတုန်းဆိုတော့ "ဩော် ဒီရဟန်း တွေက 'သုန္ဒရီ' လေးကို မတရား ပြုကျင့်ပြီး အခုလို သတ်ပစ်ပြီး ဖုံးကွယ်ထားကြတယ်။ ရဟန်းဂေါတမနဲ့ သူ့တပည့်တွေ လူသတ်မှုထိအောင် ကျူးလွန်ကြ တယ်" ဆိုပြီးတော့ မြို့ထဲမှာ လိုက်ကြော်ငြာကြတယ်။

ကဲ ဒီစွပ်စွဲမှုကြီးဟာ ဘယ်လောက် ကြီးကျယ်တဲ့ စွပ်စွဲမှုကြီးတုန်း၊ စဉ်းစားကြည့်မယ်။ ဖြေရှင်းဖို့ အလွန်ခက်တယ်နော်။ သက်သေ သက္ကာယ ရှာဖို့

http://www.dhammadownload.com



အလွန်ခက်တယ်။ ဒီလို ဖြစ်နေတော့ များသောအား ဖြင့် လူဆိုတာက အသိဉာဏ် မရှိတဲ့ လူကများတယ်။

ဒီတော့ အို ဂေါတမဘုရားနဲ့ တပည့်တွေ တော်တော်ဆိုးတာပဲ။ တော်တော်ဆိုးတာပဲ။ 'သုန္ဒရီ' ကို မတော်မတရားလုပ်ပြီး သတ်ဖြတ်ပစ်ကြတယ်။ သတ်ဖြတ်မှု ကျူးလွန်သတဲ့နဲ့ဆိုပြီး ဒီလို အုတ်အော်သောင်းနင်း ဖြစ်နေတဲ့အချိန်မှာ ဘာဖြစ်လာလဲ။ ရဟန်းသံဃာတွေ မြို့ထဲရွာထဲ ဆွမ်းခံသွားတယ်ဆိုလို့ ရှိရင် ဆဲကြတယ်။ မဟုတ်တာတွေ ပြောကြတယ် ဆိုတော့ ရဟန်းသံဃာတွေ မျက်နှာမလှဘူးပေါ့။ မြို့ထဲကို မသွားရဲအောင် ဖြစ်လာတယ်ပေါ့။ အခြေအနေက အဲဒီလောက်ထိအောင် ဆိုးလာတယ်။

နောက်ကျတော့ သူတို့လုပ်တဲ့လုပ်ရပ်ဟာ ပေါ်လာတယ်။ ငွေရမ်းပြီးတော့ သတ်တဲ့ လူသတ်သမားတွေက အရက်သမားတွေဆိုတော့ သူတို့က အရက်သောက်ရင်း "ထန်းရည်မူးတော့ ကျွဲခိုးပေါ်"ဆိုတာလို

http://www.dhammadownload.com



သူတို့သတ်တယ် ဆိုတာ ပေါ်လာတယ်။ ပေါ်လာတဲ့ အခါ အဲဒီအကြောင်းကို စုံစမ်း ထောက်လှမ်းနေတဲ့ ပုဂ္ဂိုလ်တွေက ဒီစကားလည်း ကြားရော စုံစမ်းတော့ တာပေါ့။ ဖမ်းပြီးတော့ မေးတော့တာ။ မေးတဲ့အခါ ဟုတ်တယ်။ သူတို့သတ်တာ။ ဘယ်သူက သတ်ခိုင်း တာတုန်းဆိုတော့ ဟော ပရိဗိုဇ်တွေက သတ်ခိုင်းတာ ဆိုပြီး သူတို့ရဲ့ လုပ်ရပ်ကြီးဟာ အဲဒီမှာ ပြန်ပေါ် သွားတယ်။

ဒီစွပ်စွဲမှုကြီးဟာ ကြည့်၊ သာမန်အနေနဲ့ဆိုရင် ဖြေရှင်းဖို့ အင်မတန်ခဲယဉ်းတယ်တဲ့။ မြတ်စွာဘုရား ဟာ အခုလိုစွပ်စွဲခံရတာဟာ ဘာကြောင့်တုန်းဆိုလို့ရှိ ရင် 'မုနာလိ' ဆိုတဲ့ လူဆိုးဘဝတုန်းက ပစ္စေက ဗုဒ္ဓ တစ်ပါးကို သူကစွပ်စွဲခဲ့တယ်တဲ့။ အဲဒီ စွပ်စွဲခဲ့တဲ့ ပြစ်မှုရဲ့ ကံကြွေးဝဋ်ကြွေးကို အခု ပေးဆပ်ရတာတဲ့။ သာမန်နဲ့ အစွပ်စွဲမခံရဘူး။ ဘုရားတောင်မှ ဒီလိုပေးဆပ်ရတယ်လို့ ဒီလိုပြောတာ။

http://www.dhammadownload.com



## စိဉ္စမာဏဝိကာ စွပ်စွဲမှု

ဒုတိယအကြိမ် စွပ်စွဲခံရတဲ့ ပြစ်မှုကြီးတစ်ခုပြန်ပြီးတော့ ပေါ်လာခဲ့ပြန်တယ်။ အဲဒီစွပ်စွဲခံရမှုကတော့ ဘာတုန်းဆိုရင် စိဉ္စမာဏရဲ့ စွပ်စွဲခံရမှုပဲ။ အဲဒါလည်းပဲ အခုလိုအဖြစ်မျိုးပဲ။ 'စိဉ္စမာဏ' ကို ဝိုင်းပြီးတော့ တိုက်တွန်းကြတယ်။ 'စိဉ္စမာဏ' ကလည်း ရုပ်ရည်ကလှပချောမောတော့ မြတ်စွာဘုရားနဲ့ ဘာလိုလို ပြောပြီးတော့ စွပ်စွဲကြတယ်။ ဒါကတော့ အားလုံး ကြားဖူးနေကြတာပဲ။ အဲဒီမှာ သာမန်ပုဂ္ဂိုလ်တွေ မဖြေရှင်းနိုင်ဘူး။ သိကြားမင်းနဲ့ နတ်သားတွေကနေပြီး စိဉ္စမာဏရဲ့ ဖန်တီးထားတဲ့ အရာကို လူလယ်ခေါင်မှာ ထင်ရှားလာအောင် စွမ်းဆောင်ပေးလို့ စိဉ္စမာဏရဲ့ ပြဿနာဟာ ရှင်းသွားတာတဲ့။ နို့မို့ဆို မရှင်းဘူး။ စိဉ္စမာဏ လို့ ခေါ်ကြပေမယ့် 'စိဉ္စမာဏဝိကာ' လို့ စာထဲမှာ ရေးတယ်။ စိဉ္စ ဆိုတာ မန်ကျည်းပင်ပေါ့နော်။ မန်ကျည်းနဲ့ နာမည်ပေးထားတာလည်း ဖြစ်တယ်။ သို့မဟုတ်

http://www.dhammadownload.com



သံသေဒဇအနေနဲ့ မန်ကျည်းပင်မှာ အမှီပြုပြီးတော့ မွေးတဲ့ မိန်းကလေးလည်း ဖြစ်ကောင်း ဖြစ်မယ်ပေါ့။ သို့မဟုတ် မန်ကျည်းပင်အောက်က ကောက်ရတဲ့ မိန်းကလေးလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ သူ့ကို 'စိဉ္စမာဏဝိကာ' လို့ နာမည်ပေးထားတယ်။ ရုပ်ရည်အဆင်း ချောမောလှပတယ်။ သူက ဘယ်လောက်ထိအောင် စွပ်စွဲတုန်းဆိုရင် မြတ်စွာဘုရားဟောနေတဲ့ ပရိသတ်အလယ်မှာလာပြီး ကိုယ်ဝန်ဆောင် အမျိုးသမီးယောင် ဆောင်ပြီးတော့ ဘုရားကို လာစွပ်စွဲတာ။

အဲလို စွပ်စွဲတဲ့အချိန်မှာ မြတ်စွာဘုရားကလည်း ဘယ်လိုလုပ်ဖြေရှင်းမတုန်း။ အလွန်ခက်တယ်။ စွပ်စွဲတယ်ဆိုတော့ မြတ်စွာဘုရား ဘာပဲပြောလိုက်နိုင်တုန်းဆိုရင် ရှေးတုန်းကခေတ်က ဘုရားရဟန္တာတွေ အရိယာ သူတော်စင်တွေက အမျိုးသမီးဆိုလို့ရှိရင် 'ဘဂိနီ' နှမဆိုတဲ့ အခေါ်အဝေါ်မျိုး ခေါ်လေ့ရှိတယ်။ "နှမတဲ့ ဒီကိစ္စဟာ မင်းနဲ့ငါ နှစ်ယောက်တည်းပဲ ဟုတ်

http://www.dhammadownload.com



မဟုတ် သိပါတယ်” လို့ ဘုရားက ဒီလောက်ပဲ ပြောတယ်။ အဲဒီမှာ သူက ဘာပြန်ပြောတုန်းဆိုရင် “သိလို့ပဲ ဒီလိုဖြစ်တာပေါ့” လို့ ပြောတယ်နော်။ မြတ်စွာဘုရားက ဘာမှမပြောတော့ဘူး။

အဲဒီအချိန်မှာ နတ်သိကြားတွေကြောင့် သူ့လုပ်ကြံထားတာတွေဟာ ပေါ်သွားတယ်ပေါ့။ အဲဒီပြဿနာကြီးကိုလည်း စွပ်စွဲခံရတာဟာ မြတ်စွာဘုရား အလောင်းတော် ဘဝတုန်းက ဝေဿဘူမြတ်စွာဘုရား လက်ထက်မှာ ဝေဿဘူ မြတ်စွာဘုရားရဲ့ သာဝကဖြစ်တဲ့ နန္ဒမထေရ်ကို ဒီလိုကိစ္စမျိုးနဲ့ စွပ်စွဲခဲ့ ဖူးတယ်တဲ့။ ဘုရား လောင်းက လူလည်ခေါင်မှာ စွပ်စွဲခဲ့ဖူးတယ်။ အဲဒီ စွပ်စွဲခဲ့တဲ့ ကံကြမ္မာဝဋ်ကြွေးကို ပြန်လည် ပေးဆပ်ရခြင်း ဖြစ်ပါတယ်တဲ့။ ဒါ စွပ်စွဲခံရမှုကြီး (၂) ခု။ တိုင်းကျော်ပြည်ကျော် စွပ်စွဲခံရမှုကြီး (၂) ခု ဘုရားဘဝမှာ ကြုံခဲ့ရတယ်။

http://www.dhammadownload.com



## လုပ်ကြံခံရဖို့ ကြုံရခြင်း

နောက်တစ်ခုက ဗုဒ္ဓဝင်မှာ ကြည့်လိုက်ပေါ့။ လုပ်ကြံသတ်ဖြတ်ခံရတာ (၃) ကြိမ်ပါ။ မြတ်စွာဘုရားဟာ လုပ်ကြံသတ်ဖြတ်မှုကို ခံခဲ့ရတာ (၃) ကြိမ် ကြုံခဲ့ရတယ်။ အားလုံးသိတဲ့အတိုင်း ဒေဝဒတ်ရဲ့ လက်ချက်ဖြစ်တယ်။

## လေးနဲ့ ပစ်သတ်ဖို့ ကြိုးစားမှု

ပထမအကြိမ် မြတ်စွာဘုရား တောရကျောင်းတစ်ကျောင်းမှာ တစ်ပါးတည်း နေတော်မူတယ်၊ အဲဒီအခါ လက်ဖြောင့်လေးသမားတွေကို စေလွှတ်ပြီးတော့ ဘုရားကို ပစ်သတ်ခိုင်းတယ်။ အမှန်က အသေသတ်ခိုင်းတာ။ လုပ်ကြံတာ။

အဲဒီမှာ ဒေဝဒတ်ရဲ့ အစီအမံက အင်မတန်ကောင်းတယ်။ စနစ်ကျတယ်၊ လက်ဖြောင့် လေးသမား တစ်ယောက်ကို ဒေဝဒတ်က ဘုရားဆီကို

http://www.dhammadownload.com



လွှတ်ပြီး "ဘယ်နေရာမှာ ရှိတယ်။ မင်းဘယ်နေရာက နေပြီးတော့ပစ်"ဆိုပြီး တစ်ခါတည်း အံကျပြောလိုက်တာ။ ပစ်ပြီးလို့ရှိရင် ဘယ်လမ်းက ပြန်ခဲ့ပေါ့နော်။ လေးသမားတစ်ယောက် လက်ဖြောင့် လေးသမားတစ်ယောက်ကို လွှတ်လိုက်တာ၊ ဘယ်လိုမှ မလွဲနိုင်ဘူး။ ဘုရားရှိတဲ့ဆီသွား။ သတ်ပြီးလို့ရှိရင် ဘယ်လမ်းက ပြန်ခဲ့ဆိုတာ ပြောတယ်။

အဲဒီပြန်လာတဲ့လမ်းမှာ လက်ဖြောင့် လေးသမား (၂) ယောက်ကို ထားတယ်။ အဲဒီ (၂) ယောက်က မြတ်စွာဘုရားကို လေးနဲ့ပစ်ပြီး ပြန်လာတဲ့ကောင်ကို ပစ်သတ်ရမယ်။ တစ်ခါ အဲဒီ (၂) ယောက်ကိုလည်းပဲ တခြားလမ်းက ပြန်လာခိုင်းတယ်။ သူပြန်လာမယ့်လမ်းမှာ လေးသမား (၄) ယောက်ထားတယ်။ လုံးဝမလွတ်နိုင်ဘူးတဲ့။ ၂ ဆ၊ ၂ ဆ ပိုထားတာ။ အဲဒီ (၄) ယောက်က ဒီ (၂) ယောက်ကို ပစ်သတ်ရမယ်။ နောက်တစ်ခါ အဲဒီ (၄) ယောက်

http://www.dhammadownload.com



ပြန်လာတဲ့လမ်းကိုမှ လေးသမား (၈)ယောက် ထားတယ်။ (၈)ယောက်က (၄)ယောက်ကို သတ်ရမယ်။ ပြီးတော့မှ ဒေဝဒတ်က အကုန်လုံးကို သတ်မယ်။ နှုတ်ပိတ်တာပေါ့။ ဘယ်သူ သတ်တယ်ဆိုတာ မပေါ်အောင်လို့ နှုတ်ပိတ်တာ။ တစ်ခါတည်း အစဖျောက်တာ အဲဒီစနစ်နဲ့ လွှတ်လိုက်တာ။

လွှတ်လိုက်တော့ ပထမဆုံးသွားတဲ့ လေးသမားက မြတ်စွာဘုရားနား ရောက်တဲ့အခါကျတော့ သူမသတ်ရဲဘူး။ သူ့စိတ်တွေဟာ ပြောင်းသွားတယ်။ ဘုရားရဲ့တန်ခိုးတော်တွေကြောင့် သူက ဘယ်လိုမှ မလုပ်ကြံရဲဘဲနဲ့ ကြောက်ကြောက်လန့်လန့် ဖြစ်နေတယ်။ မြတ်စွာဘုရားက တရားဓမ္မဟောလိုက်တယ်။ မင်း ဒီလမ်းက မပြန်နဲ့၊ တခြားလမ်းက ပြန်လို့ ပြောလိုက်တယ်။ ဒေဝဒတ်ရဲ့ စီမံချက်တွေဟာ အကုန်အလွဲလွဲ အချော်ချော်တွေ အကုန်ဖြစ်ကုန်တယ်။ ဘယ်သူမှမသိဘူး။ မြတ်စွာဘုရားက ကယ်လိုက်

http://www.dhammadownload.com



တာပဲနော်။ ဒီလမ်းက မပြန်နဲ့၊ တခြားလမ်းက ပြန် ခိုင်းတယ်။

ဒီလူကို သတ်ဖို့ စောင့်နေတဲ့လေးသမား (၂) ယောက်ကလည်းပဲ ဒီလူ ကြာတယ်ဆိုပြီးတော့ လိုက်လာတော့ ဘုရားနဲ့တွေ့တယ်။ ဘုရားနဲ့ တွေ့ တော့ ဘုရားဆီမှာ သူတို့ တရားနာကြတယ်၊ ဘုရားက မင်းတို့ဒီလမ်းက မပြန်နဲ့ တစ်ခြားလမ်းက ပြန်လို့ ပြောတော့ အဲဒီလူ (၂) ယောက်လည်း မသေဘူး။ နောက်ထပ်လိုက်လာတဲ့ (၄) ယောက် ကလည်း ဒီလိုပဲ ဘုရားဆီရောက်လာကြတယ်။ ဘုရားက တခြား လမ်းကနေ လွှဲလွှတ်လိုက်တယ်။ ရှစ်ယောက်ကိုလည်း တခြားလမ်းက လွှဲလွှတ်လိုက်တယ်ဆို ဘယ်သူမှ မသေဘူး။ အဲဒီလို လုပ်ကြံ သတ်ဖြတ်မှုကြီးဟာ မအောင်မမြင် ဖြစ်သွားတယ်။

အဲဒီလို လေးသမားတွေလွှတ်ပြီးတော့ အခုလို လုပ်ကြံသတ်ဖြတ်မှုတွေ ဘာကြောင့်ခံခဲ့ရသလဲဆိုလို့

http://www.dhammadownload.com



ရှိရင် တစ်ခုသောဘဝမှာ ကလေးငယ်ဖြစ်တဲ့အချိန်မှာ နားမလည်ပါးမလည်ဖြစ်ပေမယ့် ပစ္စေကဗုဒ္ဓအရှင်မြတ်ကိုသူက သေစေလိုတဲ့စိတ်နဲ့ ကျောက်စရစ်ခဲတွေနဲ့ ပစ်ခဲ့ဖူးတယ်ပေါ့။ သေအောင် လုပ်ခဲ့ဖူးတယ်ပေါ့။ သို့သော် မသေပါဘူး။ လူငယ်တစ်ယောက်အနေနဲ့ လုပ်တာပေါ့လေ။ အဲဒီလို သေစေလိုတဲ့စိတ်နဲ့ ကျောက်စရစ်ခဲတွေနဲ့ ပစ္စေကဗုဒ္ဓကို ပစ်ခဲ့ဖူးတဲ့ ကံကြမ္မာရဲ့ အကျိုးဆက် ကံကြမ္မာဝဋ်ကြွေးကို ဘုရားဘဝမှာ ပြန်လည်ပေးဆပ်ရတယ်တဲ့။ ဒီဟာ ပထမတစ်ခု။

## ဆင်ဆိုးကို လွှတ်မှု

ဒုတိယ လုပ်ကြံသတ်ဖြတ်မှုတစ်ခုက နာဠာဂီရိဆင်ကြီးကို အရက်တွေမူးအောင်တိုက်ပြီးတော့ ဘုရားဆွမ်းခံလာတဲ့လမ်းမှာ လွှတ်လိုက်တာ။ ဒါလည်းပဲ အလွန်ကြောက်စရာကောင်းတဲ့ လုပ်ကြံမှုကြီးတစ်ခုပဲ။

http://www.dhammadownload.com



ဆင်ဆိုတာက အင်မတန်မှ ကြမ်းတမ်းတယ်။ စစ်ဆင်ကြီးတွေကိုး။ အရက်တိုက်ပြီးတော့ လွှတ်လိုက်တယ်ဆိုကတည်းက လမ်းမှာ ရှိသမျှ၊ တွေ့သမျှ လူတွေဘယ်သူမှ ရှောင်မှာမဟုတ်ဘူး။ လမ်းကျဉ်းလေးမှာဘုရားနဲ့ ရဟန္တာတွေ ကြွလာတဲ့အချိန်မှာ ဒီဆင်ဆိုးကြီးကို လွှတ်လိုက်တာ။ မြတ်စွာဘုရားက ဒီဆင်ဆိုးကြီးကို ဩဒိဿမေတ္တာနဲ့ မေတ္တာ ပို့လိုက်တဲ့အခါမှာဆင်ကြီးက အမူးပြေပြီးတော့ မြတ်စွာဘုရားရဲ့ မေတ္တာစွမ်းအားကြောင့် ဆင်ကြီးက အန္တရာယ်မပြုတဲ့ အနေအထားမျိုး ရောက်သွားတယ်။

ဒါလည်းပဲ လုပ်ကြံ သတ်ဖြတ်ခြင်း၊ လုပ်ကြံသတ်ဖြတ်မှုတစ်ခုပဲ။ အဲဒီလိုလုပ်ကြံသတ်ဖြတ်မှု ဖြစ်ရတာဟာ ဘာကြောင့်လဲဆိုရင် - တစ်ခုသော ဘဝမှာသူက ဆင်ဦးစီး၊ ဆင်စီးသူရဲကောင်းတစ်ဦး ဖြစ်ခဲ့တယ်။ အဲဒီလိုဖြစ်တဲ့အချိန်မှာ လမ်းမှာတွေ့တဲ့ပစ္စေကဗုဒ္ဓတစ်ပါးကို ဆင်နဲ့ တိုက်သတ်ဖို့ သူ

http://www.dhammadownload.com



ညဉ်းဆဲခဲ့တယ်။ ဆင်နဲ့ တိုက်သတ်ဖို့ လုပ်ခဲ့တယ်။ တိုက်တော့ မတိုက်သတ်ခဲ့ဘူးပေါ့။ တိုက်သတ်ဖို့ရန် ကြိုးစားခဲ့တယ်။ အဲဒီ ကံကြွမ္မာဝဋ်ကြွေးကို ခုချိန်မှာ ဘုရားက ပြန်လည် ပေးဆပ်ရတာဖြစ်တယ်တဲ့။

## ကျောက်မောင်းဆင်ခြင်း

တတိယတစ်ခုက ဘာတုန်းဆိုရင် ဒေဝဒတ်ကိုယ်တိုင် ဘုရားကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားခြင်းပဲ။ ဒေဝဒတ်ကိုယ်တိုင် ဂိဇ္ဈကုဋ်ရဲ့ တောင်စောင်းမှာ ကျောက်မောင်းဆင်တယ်။ ဘုရားက ဂိဇ္ဈကုဋ်တောင်ခြေ ကမ္ဘဋ္ဌာန်းကျောင်းလေးမှာ စင်္ကြံလျှောက်နေတဲ့အချိန် ကျောက်တုံးပါပြီးတော့ သေအောင် ကြံစည်တာနော်။

ဘုရားက စင်္ကြံလျှောက်နေတဲ့အချိန် ကျောက်တုံးကြီးကို လှိမ့်ချလိုက်တာ ကံအားလျော်စွာကြားမှာ

http://www.dhammadownload.com



ကျောက်တုံးကြီးတစ်ခုက ခံလိုက်တော့ မြတ်စွာဘုရားထံ ဒီကျောက်တုံးကြီးက မရောက်ဘူး။ သို့သော် ကျောက်တုံး (၂) လုံး ထိခိုက်လိုက်တဲ့အသံက ပြင်းထန်စွာ မြည်ဟီးသွားတယ်၊ ကျောက်တုံး (၂)တုံး ထိခိုက်ရာက ပွဲ့ထွက်လာတဲ့ ကျောက်ဖတ်ကလေး တစ်ခုက မြတ်စွာဘုရား ခြေထောက်ကို လာမှန်တယ်တဲ့။ အင်မတန်မှ ပြင်းထန်တဲ့ ဒဏ်ရာတစ်ခု ဖြစ်သွားတယ်။ ဒါကြောင့် မြတ်စွာဘုရားဟာ ရှေ့ဆက်ပြီးတော့ မသွားနိုင်ဘူး။

ကျောက်တုံးကြီး လိမ့်ကျလာတဲ့ အသံ၊ တစ်ခုနဲ့ တစ်ခု ရိုက်ခတ်တဲ့အသံကြောင့် ဂိဇ္ဈကုဋ်တောင်ကြီး မြည်ဟိန်းသွားတော့ တောရကျောင်းမှာရှိတဲ့ ရဟန်းတော်တွေက အကုန်လုံး ပြေးလာကြတယ်။ မြတ်စွာဘုရား ခြေထောက်ထိသွားတာလည်းသိရော ထမ်းစင်နဲ့ ဘုရားကို ဇီဝကကျောင်းဘက် ထမ်းယူသွားကြတယ်။ မြတ်စွာဘုရား လမ်းလျှောက် မသွားနိုင်တော့

http://www.dhammadownload.com



ဘူးပေါ့။ ညောင်စောင်းပေါ်မှာ တင်ပြီး ဘုရားကို ဇီဝကရဲ့ ကျောင်းကို သယ်သွားကြရတယ်ပေါ့။

အဲဒီလို ကျောက်တုံးကြီး လှိမ့်ချခံရတာဟာလည်း အတိတ်ဘဝတုန်းက လွန်ခဲ့တဲ့ ကံကြွေးမှာရဲ့ ဝင်ကြွေး ပဲတဲ့။ အဲဒီကံကြွေးမှာဝင်ကြွေးမှာ ဘာလုပ်ခဲ့တာတုန်းဆို တော့ -

ဘုရားအလောင်းတော်ဟာ တစ်ခုသော ဘဝ မှာ အဖေတူ အမေကွဲ ညီတစ်ယောက်ကို အမွေကိစ္စနဲ့ ပတ်သက်ပြီး တောထဲခေါ်ယူ ကျောက်တုံးနဲ့ ထုသတ် ခဲ့တယ်။ တော်တော် ဆိုးခဲ့တာပဲနော်။ အဲဒီလို ကျောက်တုံးနဲ့ ထုသတ်ခဲ့တယ်။ အမွေ မပေးချင်လို့ သတ်ပစ်ခဲ့ဖူးတယ်။ ဒီ ကံကြွေးမှာဝင်ကြွေးကို ပြန် လည်ပေးဆပ်ရတဲ့အနေနဲ့ ဘုရားဖြစ်တဲ့ဘဝမှာ အခုလို ကျောက်တုံးနဲ့ လှိမ့်ချခံရတယ်ပေါ့။ ဒါက လုပ်ကြံခံရမှု (၃) ကြိမ် မြတ်စွာဘုရားဘဝမှာ ကြုံခဲ့တယ်။

http://www.dhammadownload.com



## သတ္တမဝင့်ကြွေး

နောက်တစ်ခုက ဘာတုန်းဆိုလို့ရှိရင် ခုနက ခြေထောက်ကို ကျောက်တုံးလေး မှန်သွားတဲ့အခါမှာ ကျောက်ဖတ်ထိမှန်တဲ့အခါမှာ ဒဏ်ရာက အလွန်ပြင်းတယ်။ ဒဏ်ရာအလွန်ပြင်းတော့ သွေးခြေဥသွားပြီး သွေးတွေ အတွင်းမှာပုပ်ပြီးနေတယ်။ ဆရာဇီဝကကြီးက ဘုရားရဲ့ ဒီသွေးခြေဥနေတဲ့ ခြေထောက်ကို ဓားနဲ့ ခွဲပြီး ကုသပေးရတယ်။ အဲဒီ ဆရာဇီဝကကြီးရဲ့ ဓားနဲ့ အခွဲခံရတာဟာလည်းပဲ ကံကြွမ္မာဝင့်ကြွေးကို ပေးဆပ်ရခြင်းဖြစ်တယ်တဲ့။ ခုခေတ် ဆေးရုံတက်ပြီးတော့ အခွဲခံရတဲ့လူတွေလည်း အဲဒီ ဝင့်ကြွေးများ ပါမလားတော့ မသိဘူးပေါ့နော်။

သူ ဘာဖြစ်လို့ ဒီလိုအခွဲခံရတာတုန်းဆိုတော့ သူက ပတ္ထိဝ ဆိုတဲ့ ဘုရင်ကြီးဖြစ်တဲ့အချိန်တုန်းက လူတစ်ယောက်ကို လှံနဲ့ ထိုးသတ်ခဲ့တယ်။ စိတ်ဆိုးပြီးတော့လှံနဲ့ထိုးသတ်ခဲ့တယ်။ ဒီလို လှံနဲ့ထိုးသတ်ခဲ့

http://www.dhammadownload.com



ခြင်းကြောင့် အခု ခြေထောက်ကို အခွဲခံရတာက အပေါ့ဆုံးအပြစ်ကလေးနော်။ လှံနဲ့ ထိုးသတ်လို့ ငရဲမှာ နှစ်ပေါင်းများစွာခံခဲ့ရတယ်။ ခုနက ကျူးလွန်တာတွေ အားလုံးလည်း ငရဲကျပြီး ဒုက္ခခံခဲ့ရတယ်။ အခု ဘုရားဘဝမှာ ဝဋ်ကြွေး ပေးဆပ်ရတယ်ဆိုတာ အပေါ့စားလေး။

အဲဒီ ပတ္တိဝ ဘုရင်လက်ထက်တုန်းက သူက လူတစ်ယောက်ကိုလှံနဲ့ထိုးသတ်ခဲ့တယ်။ မြတ်စွာဘုရားဟာ အခုလို ခြေထောက်ကို ခွဲခွဲပြီးတော့ ခွဲစိတ်ပြီးတော့ ကုသခံရတာဟာလည်း ကံကြွေးဟောင်းဝဋ်ကြွေးကို ပေးဆပ် ရခြင်းဖြစ် တယ်။ မြန်မာရာဇဝင်ထဲမှာလည်းကြည့်။ ဘုရင်တွေက စိတ်ကိုမထိန်းနိုင်တဲ့ အခါကျလို့ရှိရင် ဒါမျိုးက လုပ်လေ့လုပ်ထ ရှိကြတယ်နော်။ ဒါကြောင့် ဘုရားအလောင်း တေမိမင်းလေးက ဘုရင်ဖြစ်ရမှာ သိပ်ကြောက်တယ်။ ဘုရင်ဖြစ်လို့ တိုင်းပြည် အုပ်ချုပ်တဲ့အခါ သနားတတ်လို့ရှိရင် ဘုရင်

http://www.dhammadownload.com



လုပ်လို့မှ မရတာကိုး။ မြန်မာ့သမိုင်းထဲမှာလည်း ကြည့်၊ ဟောဒီမန္တလေးမြို့ တည်သွားတဲ့ မင်းတုန်း မင်းကြီးရဲ့ဖခင် ရွှေဘိုမင်း လို့လည်း ခေါ်တယ်။ သာယာဝတီမင်းလို့လည်း ခေါ်တယ်။ အဲဒီ သာယာဝတီမင်းကလည်း ညီလာခံ အစည်းအဝေးမှာ ယင်းတောဝန်ကြီးကို နန်းတော်ပေါ်မှာပဲ လှံနဲ့ထိုးသတ်လိုက်တယ်။ နန်းကြမ်းပြင်ကို ခွာပြီးတော့ သူ့အလောင်းကို အောက်ချပစ်တယ်။ အဲလို ရက်ရက်စက်စက်လုပ်ခဲ့ဖူးတယ်။ ယင်းတောဝန်ကြီးကို လှံနဲ့ ထိုးသတ်တာ ဒီမင်းတုန်းမင်း လက်ထက်မှာကျတော့ ယင်းတောဝန်ကြီးရဲ့ သားဟာ ဘယ်သူတုန်း ဆိုလို့ရှိရင် ယောမင်းကြီး ဦးဖိုးလှိုင်ပဲ။

ယောမင်းကြီး ဦးဖိုးလှိုင်က မင်းတုန်းမင်း ပြောတဲ့အခါ တစ်ခါတရံ သူက မင်းတုန်းမင်းက ဒါ ဆိုရင် သူက ဟိုဟာလို့ ပြောချင်တယ်။ သူက ပညာ တတ်တာကိုးနော်။ မင်းတုန်းမင်းက ဒီလိုဆိုရင် သူက

http://www.dhammadownload.com



ဟိုလိုလို့ ပြောချင်တာ။ မင်းတုန်းမင်းနဲ့ ဆန့်ကျင်ဘက် ပြောတဲ့အခါ ဘုရင်ကပြောတယ်။ 'မောင်ဖိုးလှိုင်၊ ဒီလှံက ဘယ်သူထိုးခဲ့တဲ့လှံတုန်း' ဆိုပြီးတော့ လှံပြပြီး ခြိမ်းခြောက်ဖူးတယ်။ သူ့အဖေကို ထိုးခဲ့တဲ့လှံ။ အဲဒီလို ရာဇဝင်မှာ မှတ်တမ်းတွေရှိတယ်ပေါ့နော်။

ခုလည်း ဘုရားအလောင်းဟာ ပဏ္ဍိဝဘုရင် ဖြစ်တုန်းက လူတစ်ယောက်ကို လှံနဲ့ ထိုးသတ်ခဲ့တယ်။ ဒါကြောင့် ဇီဝက,က ခြေထောက် ခွဲပြီးတော့ ကုရတယ်တဲ့။ ဒါလည်း ကံကြွေးဝဋ်ကြွေးတစ်ခုကို ပေးဆပ်ရခြင်းဖြစ်တယ် လို့ ဆိုကြတယ်နော်။

## အဌမဝဋ်ကြွေး

နောက်တစ်ခါ မြတ်စွာဘုရားရဲ့ဘဝမှာ အစားအစာနဲ့ပတ်သက်ပြီးတော့ ဒုက္ခရောက်ခဲ့တာရှိတယ်။ ဆွမ်းမစားခဲ့ရတဲ့ရက်တွေ ရှိတာတော့ မှတ်တမ်း

http://www.dhammadownload.com



ရှိတယ်။ သို့သော် အဲဒါကိုတော့ ကံကြမ္မာ ဝဋ်ကြွေး ထဲမှာ ထည့်မထားဘူး။ သို့သော် ဝေရဉ္စရာ ပြည်မှာ မြင်းတွေကိုကျွေးတဲ့ ဂျုံတွေကို (၃) လတိတိ စားရ တယ်။ ဆန်မစားရဘဲနဲ့ မြင်းစာဂျုံ (မုယောဆန်) တွေချည်းပဲ စားခဲ့ရတယ်။ အဲဒီလို စားပြီးတော့ တစ်ဝါတွင်း နေခဲ့ရတာနဲ့ ပတ်သက်တယ်။ ဒါလည်းပဲ **ကံကြမ္မာဝဋ်ကြွေးကို ပေးဆပ်ရတာ လို့ ဒီ** မှတ်တမ်းထဲမှာ ထည့်ထားတယ်နော်။

ဘုရားဟာ ဝေရဉ္စာပြည်ကို ကြွတယ်။ ဝေရဉ္စာ ပုဏ္ဏားကြီးက ဘုရား ဝေရဉ္စာပြည်ကို ကြွလာတဲ့အခါ မြတ်စွာဘုရားက သက်တော်ငယ်သေးတယ်။ ဝေရဉ္စာ ပုဏ္ဏားကြီးက အဖိုးကြီး။ အဖိုးကြီးဆိုတော့ သူက ရှိခိုးခံချင်တယ်။ ဘုရားက သူ့ရှိမခိုးဘူး။ ရှိမခိုးတော့ သူက မကျေနပ်ဘူး။ 'ငါ အသက်ကြီးတယ်။ မင်းက ငယ်ငယ်လေး ရှိသေးတယ်။ ငါ့ရှိခိုးရမှာပေါ့ကွ'။

http://www.dhammadownload.com



လောကလူတွေ ဆိုလို့ရှိရင် အသက်ကြီးတဲ့လူသူကို အသက်ငယ်တဲ့သူက ရှိခိုးတာကိုး။

ဘုရားက အဲဒီလို ရှိမခိုးတဲ့အခါသူက မကျေနပ်ဘူး။ မကျေနပ်တဲ့အခါမှာ ဘုရားက ရှင်းပြတယ်။ ဝေရဉ္စာပုဏ္ဏားကြီးနဲ့ မြတ်စွာဘုရားနဲ့ ဘယ်သူက အသက်ကြီးသလဲဆိုတာ အရည်အချင်းခြင်း ပြိုင်ပြီးတော့ မြတ်စွာဘုရားက ကြီးတယ်၊ အရင်မွေးလို့ အသက်ကြီးတာ မဟုတ်ဘူး။ သီလ၊ သမာဓိ၊ ပညာတွေရှိလို့ ဂုဏ်ကြီးတယ်၊ ရှိခိုးထိုက်တယ်လို့ ပြောရမယ်လို့ဆိုတဲ့ အကြောင်းတွေကို ရှင်းပြတယ်။

နောက်တစ်ခုမှာ ဘုရားနဲ့သူနဲ့ ဘယ်သူက အရင် မွေးတာတုန်း။ လောကအနေမှာ ဆိုလို့ရှိရင်တော့ ဝေရဉ္စာရာ ပုဏ္ဏားကြီးက အရင်မွေးတာပဲ။ သို့သော် အသိဉာဏ်ရှိရှိ မွေးဖွားလာခြင်းကျတော့ ဘုရားက အရင်မွေးတာပေါ့။ ဝေရာဉ္စရာပုဏ္ဏားကြီးက အခု အချိန်ထိပဲ အဝိဇ္ဇာတည်းဟူသော ဥခွံ အမှောင်

http://www.dhammadownload.com



ထဲမှာပဲ ရှိသေးတယ်။ မမွေးသေးဘူးပေါ့။ မြတ်စွာဘုရားက အရင်လောကကြီးမှာ ပေါ်ထွန်းလာတာ။ ဒါကြောင့်မို့ ဘုရားက သူကြီးတယ်ဆိုတာကို ပြတယ်။ နောက်ပိုင်းတော့ ဝေရဉ္စာပုဏ္ဏားက သဘောကျပြီးတော့ ဘုရားကို ကြီးပါပေတယ်လို့ လက်ခံသွားပြီးတော့ ရှိခိုးတယ်ပေါ့။

ကြည်ညိုလို့ ဝေရဉ္စာပြည် ဘုရားကို ပင့်ထားတယ်။ သို့သော် ကံမကောင်း အကြောင်းမလှတော့ မိုးခေါင်ရေရှားဖြစ်ပြီး အဲဒီ ဝေရဉ္စာပြည်ကြီးမှာ ငတ်မွတ်ခေါင်းပါးလို့ ဆွမ်းခံလို့မရတဲ့ အခြေအနေတွေ ဖြစ်သွားတယ်။ ဝေရဉ္စာ ပုဏ္ဏားကြီးကလည်း ဘုရားပင့်ထားပြီးတော့ မေ့နေလိုက်တာ (၃) လ။ ဆွမ်းကပ်ရမှန်း မသိဘူး မေ့နေတာ။ အဲဒီအချိန်မှာ မြင်းကုန်သည်တွေကနေပြီးတော့ မြင်းစားဖို့ ဆိုပြီးတော့ ဂျုံ(မုယော)တွေကို ပြုတ်ပြီးတော့ ယူလာတာ။ မြင်းစားဖို့ ဂျုံဆိုတာ အကြမ်းတွေပဲပေါ့။ လူစားလို့

http://www.dhammadownload.com



ဘယ်ရမလဲ။ အဲဒီ မြင်းစားတဲ့ ဂျုံတွေကို ရှင်အာနန္ဒာက ဆုံလေးနဲ့ထောင်းပြီး မြတ်စွာဘုရားကို ကပ်ရတယ်တဲ့။ ဝါတွင်း (၃)လ ဂျုံပဲစားခဲ့ရတယ်တဲ့။ အဲဒါဟာလည်း ကံကြမ္မာ ဝဋ်ကြွေးကို ပေးဆပ်ရခြင်းတစ်ခုပါပဲလို့ ဆိုတယ်နော်။ ဟင်းမကောင်းတာတွေ စားနေရရင် ကံကြမ္မာဝဋ်ကြွေး ပေးဆပ်ရတယ်လို့ ပြောရမလို ဖြစ်နေတယ်နော်။

မြတ်စွာဘုရားက အဲဒီမှာ ဘာကြောင့်ဒီဘဝကိုရောက်တာလဲဆိုတော့ 'ဖုဿ' ဘုရားလက်ထက်မှာ ဖုဿဘုရားရဲ့တပည့်သား သာဝကတွေကို 'သလေးဆန်ကောင်းကောင်းကို မစားကြနဲ့၊မုယောဆန်ကြမ်းတွေကိုသာ စားကြလို့'ဆိုပြီးတော့ ဆဲရေးခဲ့ဖူးတယ်။ ကျိန်ဆဲခဲ့ဖူးတယ်။ ဒီကိုယ်တော်တွေဟာ သလေးဆန်နဲ့ မတော်ဘူး။ ဂျုံကြမ်းနဲ့ပဲတော်တယ် ဆိုပြီးတော့ အဲဒီလိုဆဲရေးတိုင်းထွာပြီးတော့ ပြစ်မှားခဲ့ဖူးတယ်တဲ့။ အဲဒီပြုလုပ်ခဲ့တဲ့ ကံကြမ္မာရဲ့ ဝဋ်ကြွေးကို ဒီဘဝမှာ

http://www.dhammadownload.com



လာပေးဆပ်ရတယ်။ (၃) လ ကြာတယ်ပေါ့။ အဲဒါ လည်း ဝဋ်ကြွေးပေးဆပ်ရခြင်းတစ်ခုပဲ။

## နဝမဝဋ်ကြွေး

နောက်တစ်ခုက မြတ်စွာဘုရားဘဝမှာ အကြီး အကျယ်ရောဂါဝေဒနာဖြစ်တာ (၃) ခါကြုံတယ်ပေါ့။ (၃) မျိုး ရှိတယ်ပေါ့။ ဘာတုန်းဆိုရင် မကြာမကြာ ခါးအောင့်တဲ့ ရောဂါရှိတယ်။ မကြာမကြာ ခေါင်းခဲ တတ်တဲ့ ရောဂါ ဝေဒနာ ရှိတယ်။ နောက်ဆုံးမှာ သက်တော် (၈၀) ပါဝါမြို့ကို ရောက်တဲ့အခါကျတော့ စုန္ဒရဲ့ သူကရမဒ္ဒဝ လို့ဆိုတဲ့ အာဟာရကို ဘုဉ်းပေး သုံးဆောင်ပြီးတဲ့အခါကျတော့ ဝမ်းလျှောတယ်နော်။

ထင်ရှားတဲ့ ရောဂါဝေဒနာကြီးတွေကို ပြောမယ်ဆိုရင် ဝမ်းလျှောတာ၊ မကြာ မကြာ ခေါင်းခဲ တာ ဘာဖြစ်လို့တုန်းဆိုတော့ သံသရာ ကျင်လည်တယ် ဆိုတာ ဖြစ်ချင်ရာ ဖြစ်တာနော်။ ဘုရားလောင်းဘဝ

http://www.dhammadownload.com



တုန်းက တံငါရွာမှာ သွားပြီးတော့ မွေးဖွားတာ၊ ဆွေတွေ မျိုးတွေကလည်း တံငါတွေပဲ။ တံငါတွေ ဆိုတော့ သိတဲ့အတိုင်းပဲ။ ငါးတွေ ဖမ်းကြ၊ ထုကြ၊ ရိုက်ကြပေါ့။ အဲဒီမှာ ဘုရားအလောင်းက ကလေး ဘ၀နဲ့ မိဘတွေက ငါးတွေဖမ်းပြီးတဲ့အခါ ငါးက လှေပေါ်တင်လိုက်လို့ ငါးက တဖျတ်ဖျတ် ခုန်နေတဲ့ အခါမှာ ရေထဲကို ပြန်ကျသွားမှာစိုးလို့ မိဘလုပ်တဲ့ ပုဂ္ဂိုလ်တွေက ငါးခေါင်းကို ထုလိုက်တဲ့အခါ ငါးလေးက ငြိမ်ကျသွားတယ်။ အဲဒါလေးကို သဘောကျပြီးတော့ သူက ကျေနပ်နေတာ။ 'ကဲ မင်းခုန်နိုင်သေးလားပေါ့'။ အဲဒီလို ငါးခေါင်းကိုထုတာကို သဘောကျပြီးတော့ သူက ကျေနပ်ခဲ့လို့တဲ့ ခေါင်း ခဏခဏကိုက်တယ်တဲ့။ ခေါင်းခဏခဏကိုက်ရင် အဲဒါ သတိထားကြပေါ့။

ဆွေတွေမျိုးတွေလည်း အဲဒီတုန်းက တံငါသည် ဘ၀ ငါးတွေကို သတ်ဖြတ်ခဲ့တဲ့ ပြစ်မှုကြောင့် မြတ်စွာ ဘုရား သက်တော် (၈၀) အရွယ်မှာ ဆွေတွေ မျိုးတွေကို

http://www.dhammadownload.com



'ဝိဋ္ဋျောဘ' သတ်ဖြတ်တာ ခံရတယ် မဟုတ်လား။ သာကီဝင်မင်းတွေ မျိုးတုန်းသွားအောင် သတ်ဖြတ်လိုက်တာ။ အဲဒါကိုလည်း ခံရတယ်။ ဒါလည်း ကံကြမ္မာ ဝဋ်ကြွေးပေးဆပ်ရခြင်းတစ်ခုပဲတဲ့။

## ဒသမဝဋ်ကြွေး

အဲ နောက်တစ်ခုက ခါး ခဏခဏ နာတာ ဘာကြောင့်လဲ? ဘုရားအလောင်းကလည်း တစ်ခါ တစ်ခါတော့ Boxing သမား ဖြစ်ခဲ့သေးတာ။ လက်ဝှေ့သမား။ အဲ လက်ဝှေ့သမားဖြစ်တဲ့အခါ သူက ကျန် တစ်ဖက်သားကို ကိုင်ပြီးတော့ ပေါက်လိုက်တာ ဟိုလူက ခါးကျိုးသွားတယ်။ အဲဒီခါးကျိုးသွားလို့ ဘုရားကလည်း မကြာမကြာ ခါးနာတာ။

မြတ်စွာဘုရား တရားဟောတဲ့အခါ တစ်ခါ တစ်ခါ ရှင်သာရိပုတ္တရာကို မိန့်လေ့ရှိတယ်။ သံဃာတွေက မအိပ်ချင်သေးဘူးတဲ့။ ဝိဂတထိနမိဒ္ဓေါ ခေါ

http://www.dhammadownload.com



သာရိပုတ္တ ဘိက္ခုသံဃော ဆိုလိုတာက ပရိသတ်တွေက မအိပ်ချင်သေးဘူးနော်။ ဆက်ပြီးတော့ ဟောလိုက်ပါ။ ငါက ခါးနာနေတယ်။ နည်းနည်း လှဲလိုက်ဦးမယ်ပေါ့။ ‘ ပိဋ္ဌိ မေ အာဂိလာယတိ ’ဆိုတဲ့ ပါဠိလေးတွေ ရှိတယ်ပေါ့။ ခါးနာတယ်၊ ခဏလှဲလိုက်ဦးမယ်။ ဟော တရားဟောရင်း ကနေပြီးတော့ ခါးနာလို့ ခဏလှဲရတာမျိုးတွေ ရှိတယ်တဲ့။ အဲဒါ Boxing သမားဘဝတုန်းက သူတပါးကို ခါးကျိုးအောင် ပစ်ပေါက်ခဲ့လို့တဲ့။ အဲဒီ ကံကြွေးဝဋ်ကြွေးကို ပေးဆပ်ရခြင်း ဖြစ်ပါတယ်တဲ့။

ခုခေတ် သူများထက်ထူးပြီးတော့ ရောဂါဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေလည်း ဒါကံကြွေးဝဋ်ကြွေးပေးဆပ်ရတာပဲဖြစ်မှာပဲနော်။ ကံကြွေးဝဋ်ကြွေးပေးဆပ်ရတာတွေပဲ။

http://www.dhammadownload.com



**ကောဒသမဝင့်ကြွေး**

ဟော နောက်တစ်ခုက သက်တော် (၈၀) မှာ ဝမ်းတော်လားတယ်ဆိုတာ ဝမ်းတော်လားတာ ဘာကြောင့် လားတာတုန်းဆိုတော့ တချို့က ဝက်သား စားလို့ ဝမ်းလျှောတယ်လို့ ပြောတယ်။ မဟုတ်ပါဘူး နော်။ ဒါနဲ့ မဆိုင်ဘူး။ အဲဒီမှာ စုန္ဒဆိုတဲ့ ပါဝါမြို့က ပန်းတိမ်ဆရာက မြတ်စွာဘုရားကို ဆွမ်းကပ်တာ ရဟန်းသံဃာတွေကိုလည်း ကပ်တယ်။ သူကပ်တဲ့ထဲ မှာ ဟင်းတစ်မျိုးပါလာတယ်။ ထူးခြားတဲ့ဟင်း။ အဲဒီ ဟင်းကို သူကရမဒ္ဒဝ လို့ ခေါ်တယ်။ သာမန် ကြည့်မယ် ဆိုရင်တော့ 'သူကရ' ဆိုတာ ဝက်၊ မဒ္ဒဝ ဆိုတာ နူးညံ့တဲ့ အသား နူးညံ့တဲ့ဝက်သား ဝက်ပျိုသား လို့ ဒီလိုဆိုတယ်။ ဒါ ရှင်မဟာဗုဒ္ဓဃောသကတော့ အဲဒီအဓိပ္ပာယ်ကိုပဲ ယူတယ်။ တစ်နှစ်သား ဝက်ပျို သားလေး ချက်ပြီးတော့ ကပ်တယ်။

http://www.dhammadownload.com



အဲဒီမှာ ဝါဒတွေအများကြီးရှိတယ်။ 'သူကရမဒ္ဒဝ' ဆိုတာ ဝက်သားမဟုတ်ဘူးတဲ့။ မှိုတစ်မျိုးလို့ ဒီလိုလည်းပြောတယ်။ နောက် နို့ဃနာထမင်း တစ်မျိုး ဒီလိုလည်း ပြောတယ်။ နောက် အထူးစီမံထားတဲ့ ရသာယန အစာတစ်မျိုး။ မြတ်စွာဘုရားက သက်တော် (၈၀) ရှိပြီ။ နာလန် ထလာကာစ ဝါဆိုဦး ဝေဠုဝရွာမှာ အကြီးအကျယ် နေမကောင်းဖြစ်ခဲ့တယ်။ နေမကောင်းဖြစ်ခဲ့သည့် အတွက်ကြောင့် မြတ်စွာဘုရားကို ပိုပြီးတော့ အင်အားတွေပြည့်အောင်လို့ ဆိုပြီးတော့ 'သူကရမဒ္ဒဝ' ဆိုတဲ့ အစားအစာကို တမင်တကာ စုန္ဒက စီမံချက်ပြုတ်ပြီးတော့ ကပ်တာတဲ့။

ဝါဒတော့အမျိုးမျိုး ရှိတယ်ပေါ့နော်။ အဲတော့ ဝက်သား ဖြစ်ချင်လည်းဖြစ်မယ်။ မှို ဖြစ်ချင်လည်း ဖြစ်မယ်။ ဆေးတစ်မျိုး ဖြစ်ချင်လည်း ဖြစ်မယ်ပေါ့။ သို့သော် သေချာတာက ဘာလဲဆိုလို့ရှိရင် အဲဒီ 'သူကရ

http://www.dhammadownload.com



မဒ္ဒဝ’ ဆိုတဲ့ ဟင်းလျာထဲမှာ နတ်တွေက နတ်ဩဇာတွေ ထည့်ကြတယ်။ ဘာဖြစ်လို့ ထည့်တုန်းဆိုရင် မြတ်စွာဘုရား သက်တော် (၈၀) အားတွေ နည်းနေပြီ။ အားရှိအောင် လို့ဆိုပြီးတော့ ကျွေးကြတယ်။

ဒကာ၊ ဒကာမ တွေကလည်း အတူတူပဲ။ ဘုန်းကြီးတွေ အသက်ကြီးရင် အားရှိအောင်လို့ဆိုပြီး နင်းကန် ကျွေးတယ်။ အဲဒီအချိန်မှာ အားရှိအောင် လို့ဆိုပြီး ကျွေးရုံနဲ့ မရဘူးနော်။ တချို့ ရောဂါက ပရိုတိန်းဓာတ်တွေ များလို့မရဘူး။ ဆိုပါစို့ ကျောက်ကပ် ရောဂါရှိတဲ့ပုဂ္ဂိုလ်ကို ပရိုတိန်းဓာတ်များတဲ့ ငှက်သိုက်တွေ ဘာတွေ အားရှိအောင်ဆို သွားမကျွေးလေနဲ့။ ပိုပြီးတော့တောင် ရောဂါတိုးအောင် လုပ်တာနဲ့ အတူတူပဲ။ အားရှိမှာက နောက်၊ ကျောက်ကပ်ဖြစ်ပြီး Renal Failure ဖြစ်သွားပြီး ကျောက်ကပ် အလုပ် မလုပ်လို့ ပျံတော်မူမှာက အရင်တဲ့နော်။

http://www.dhammadownload.com



ဒါမျိုးက အားရှိအောင်လို့ တစ်ခုတည်းကြည့်လို့ မရဘူး။ စုန္ဒကလည်း မြတ်စွာဘုရားအားရှိအောင်လို့ 'သူကရမဒ္ဒဝ' အစာကျွေးတယ်။ နတ်တွေကလည်းပဲ နတ်သြဇာတွေထည့်တယ်။ ဒါကြောင့် မဟာပရိနိဗ္ဗာနသုတ်မှာ ဒီ 'သူကရမဒ္ဒဝ' ဆိုတဲ့ အစားအစာကို မြတ်စွာဘုရား တစ်ပါးတည်းတင် ကပ်ခိုင်းတာ။ ကျန်တဲ့ရဟန်းတွေ မကပ်နဲ့တဲ့။ ရှင်းတော့မပြဘူး။

ဒါ ဘာဖြစ်လို့တုန်းဆိုတော့ ခုန နတ် သြဇာတွေ အများကြီး ထည့်ထားလို့ပဲ။ မြတ်စွာဘုရားက အင်မတန်မှ ဘုန်းကံပါရမီရှိတဲ့ ပုဂ္ဂိုလ်မို့ ဒီအစားအစာကို ကြေညက်စေနိုင်တယ်။ ကျန်တဲ့ရဟန်းတွေ အစာကြေမှာမဟုတ်ဘူးတဲ့။ ဒါကြောင့်မြတ်စွာဘုရား တစ်ပါးတည်းကိုသာ ကပ်စေတယ်။ ကပ်ပြီးတော့ ပိုတဲ့ အစားအစာတွေကို မြတ်စွာဘုရားက ဒီပြင်လူတွေ မစားမိဖို့ မြေမြှုပ် စွန့်ခိုင်းလိုက်တယ်။

http://www.dhammadownload.com



အဲဒီ စုန္ဒကပ်တဲ့ 'သူကရမဒ္ဒဝ' ဆွမ်းလည်း ဘုဉ်းပေးပြီးရော အဲဒီနေ့ ဝမ်းတွေ လျှောတာပဲပေါ့။ အဲဒီဝမ်းလျှောတာဟာ သာမန်အားဖြင့် ပြောရင်တော့ ဒီဝက်သားစားလို့၊ ဒီဟင်းစားလို့ ဒီလိုဖြစ်တယ်လို့ ထင်စရာရှိတယ်။ မဟုတ်ဘူးတဲ့။ ဒီ ဟင်းစားသည့်အတွက်ကြောင့် ဝမ်းလျှောတာ နည်းနည်းသက်သာသွားတာ ဆိုလိုတာက 'သူကရမဒ္ဒဝ' ကြောင့် ဝမ်းလျှောပေမယ့် အားသိပ်မယုတ်တာ။

အားယုတ်တာတော့ယုတ်တယ်။ခရီးမသွားနိုင်လောက်အောင် မယုတ်ဘူး။ မြတ်စွာဘုရားက ဒီ (၃) ဂါဝုတ် ခရီးလေးကို အကြိမ် (၂၅) ကြိမ်လောက် နားပြီးသွားတယ်။ ခုခေတ်လို ကားနဲ့ပို့မယ့်သူလည်း မရှိဘူး။ ကားလည်း မရှိဘူး။ အဲဒီမှာ မြတ်စွာဘုရား ကုန်းကြောင်း လျှောက်ရတယ်။ ပါဝါကနေပြီး ကုသိနာရုံ ကုန်းကြောင်းလျှောက်တာလေ။

http://www.dhammadownload.com



အဲဒီ ဝမ်းလျှောတာဟာလည်းပဲ ကံကြမ္မာဝဋ်ကြွေးပေးဆပ်ရခြင်းတစ်ခု ပါတဲ့။ ဘာဖြစ်လို့တုန်း ဆိုလို့ရှိရင် သူဌေးသား တစ်ယောက်ကို ဝမ်းလျှောအောင်လို့ ဆေးဆရာဖြစ်တုန်းက လုပ်ခဲ့ဖူးတယ်တဲ့နော်။ ဝမ်းလျှောအောင်လို့ ကျွေးခဲ့ဖူးတယ်တဲ့။ အဲဒါ သူ့လက်ချက်နဲ့ ဟိုသူဌေးသားဟာ ဝမ်းလျှောပြီးတော့ မျှော့သွားခဲ့ဖူးတယ်တဲ့။ အဲဒီ ကံကြမ္မာဝဋ်ကြွေးကို ပေးဆပ်ရခြင်းဖြစ်ပါတယ်လို့ ဒီလိုဆိုတယ်။

အဲတော့ ကံကြမ္မာဝဋ်ကြွေးဟာ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်လုပ်ခဲ့တာ ကိုယ်သန္တာန်မှာရှိနေတာ ဖြစ်သောကြောင့် ကံကြမ္မာဝဋ်ကြွေးကို လူတိုင်းလူတိုင်းဟာ လွတ်အောင်ပြေးဖို့ဆိုတာ မလွယ်ဘူး။ ခန္ဓာရှိနေသေးသမျှတော့ ပေးဆပ်ကြရမှာပဲတဲ့။

http://www.dhammadownload.com



## ဒွါဒသမဝင်္ဂကြွေး

နောက်တစ်ခုကတော့ မြန်မာစာပေမှုမှာ မပါဘူး။ သီဟိုဠ်စာမှုမှာသာပါတဲ့ ကံကြမ္မာ ဝဋ်ကြွေးလေး တစ်ခု ပေးဆပ်ရမှုတစ်ခုက ဘာလဲဆိုရင် ဘုရား အလောင်းက နွားကျောင်းသား ဖြစ်ခဲ့တယ်။ အဲဒီ နွားကျောင်းသားဖြစ်နေတဲ့အချိန်မှာ နွားတွေက ရေ သောက်တယ်။ နွားတွေက ရေသောက်နေတာကြာတဲ့ အခါကျတော့ မသောက်ရအောင် နွားတွေကိုမောင်း တာ သူက သွားချင်တာကိုး။

အဲဒီနွားတွေ ရေဆာလို့ ရေသောက်နေတဲ့ နွား တွေကိုအတင်းမောင်းတင်ခဲ့တဲ့ အကုသိုလ်ကြောင့် မြတ်စွာဘုရား ခုနက ပါဝါကနေ 'ကုသိနာရုံ' အသွား မှာ ရေငတ်တာ။ 'အာနန္ဒာ ရေငတ်လိုက်တာ၊ ရေ ပေးစမ်းပါ' လို့ မြတ်စွာဘုရားက အဲဒီအချိန်မှာ တောင်းတယ်နော်။ ရှင်အာနန္ဒာကလည်း အရှင် ဘုရားတဲ့ အခုတင်ပဲ လှည်းပေါင်း (၅၀၀) ဖြတ်သွားလို့

http://www.dhammadownload.com



ရေတွေက အင်မတန်မှ နောက်နေတယ်။ ဟိုရှေ့နား ကျရင် ရေတွေကြည်ပါလိမ့်မယ်။ ခုခေတ်လို ရေသန့် ဘူးကလည်း မရှိဘူးနော်။ မြစ်ရေကို ခပ်ပြီးတော့ ပေးရမှာ။ အဲဒီလို မြတ်စွာဘုရားဟာ ရေငတ်လိုက် တာလို့ ဒီလိုပြောရလောက်အောင် ရေငတ်မှုဒဏ် ခံရတာဟာ ခုနက နွားကျောင်းသား ဘဝတုန်းက နွားတွေ ရေငတ်နေတာကို မသောက်ရအောင် မောင်းတင်ခဲ့တဲ့ပြစ်မှုရဲ့ ကံကြွေး ဝဋ်ကြွေးကို ပေးဆပ်ရခြင်းဖြစ်တယ်ဆိုတာ သိဟိုင်္ဂမှုမှာတော့ အဲဒါလေးပါတယ်။

အားလုံးပေါင်းလိုက်တဲ့ အခါကျတော့ မြတ်စွာ ဘုရားကိုယ်တိုင်ပေးဆပ်ခဲ့ရတဲ့ ကံကြွေးဝဋ်ကြွေးဟာ (၁၂) မျိုးရှိတယ်လို့ အဲဒီ 'အပဒါန' ဆိုတဲ့ ပါဠိတော်မှာ ပါတယ်။ 'ပုဗ္ဗပိလောတိကကမ္မ ဗုဒ္ဓ အပဒါန' ဆိုတဲ့ အခန်းမှာ ဒါတွေကို ပြထားတာ ရှိပါတယ်။

http://www.dhammadownload.com



မြတ်စွာဘုရားနဲ့ ပတ်သက်ပြီးတော့ ဘုရားဘဝမှာ အခုလို ကံကြမ္မာဝဋ်ကြွေးတွေ ပေးဆပ်ရသလို တို့တတွေဟာလည်းပဲ မကောင်းတာတွေ လုပ်မိလို့ ရှိရင်ဖြင့် ဒီကံကြမ္မာတွေဟာ ဝဋ်ကြွေးဖြစ်ပြီး တို့တတွေလည်း ပေးဆပ်ကြရမှာ ဖြစ်တယ်။ ဒါကြောင့် မကောင်းတာတွေ အခုလိုသိတဲ့ဘဝမှာ မလုပ်မိအောင် တို့တတွေ သတိကြီးစွာထားပြီး ရှောင်ကြရမယ်လို့ ကိုယ်စီကိုယ်စီ သတိထားပြီးတော့ ကံကြမ္မာဝဋ်ကြွေးတွေ မိမိသန္တာန်မှာ မတင်ရအောင်၊ ကြွေးမတင်ရလေအောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

================================

http://www.dhammadownload.com

# ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊
မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

http://www.dhammadownload.com